


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်
# အလှူရေစက်ချအခမ်းအနား
# အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# ဖြစ်ပျက်သာမြင်အောင်ကြည့်ပါ

## ဒိဋ္ဌုပါဒါန်

(၂၈၃)

ဟောကြားသည့်နေ့

၂၈-၁-၆၀

0260

ကျေးဇူးတော် ... ဘာပဏ္ဍိတ

မိုးကုတ်ဆရာဟော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူခဲ့သောတရားတော်

# ဖြစ်ပျက်သာ မြင်အောင်ကြည့်ပါ
# (ဒိဋ္ဌုပါဒါန်)

THITSARPARAMI LIBRARY
Date ..................

ဟောကြားသည့်နေ့
(၁၅-၁၂-၁၉၆၁)

# အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
# ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
# သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက်နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့်တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ်တရားပွဲတွေလဲ?။

ဟာ ... ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ ...? ဟာ ... ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ ...?

ပြီးတော့ ဝိဇ္ဇောရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍာပ်တစ်လုံးပဲ၊ မဏ္ဍာပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ဓမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

တရားနာရကောင်းစေလို့ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော်တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော်အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအားထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင်တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင်လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ်က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွားတာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

(ဃ)

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကိုဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာကာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္တရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မဂ်ဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြံခြံ အကျင့်ရှိသူကိုမှ ရွေးပြီး

ကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။

၅။ ဓမ္မပသန္နဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်းပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ် နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာ

မှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

◉ ◉ ◉ ◉ ◉

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟင်္သာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူ သည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြား ထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ်

ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ်" ဟု ဖြေကြားတော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကားမိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄ ဆရာဦးစောလှိုင်
အတွင်းရေးမှူး

ကျေးရွာတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူခဲ့သောတရားတော်

# ဖြစ်ပျက်သာ မြင်အောင်ကြည့်ပါ။

## (ဒိဋ္ဌုပါဒါန်)

ဟောကြားသည့်နေ့ (၂၅-၁-၆၀)

ပုထုဇဉ်ရဟန်းကြီးပေါင်း (၆၀) ရှိတယ်လို့ ရှေးဦးစွာ မှတ်ထားရမယ်၊ ပုထုဇဉ်ရဟန်းကြီးပေါင်း (၆၀) ရှိတယ်။ နှစ်ဂါဝုတ်လောက်ရှိတဲ့နေရာမှာ ရှင်ခေမက ဆိုတာက တစ်ပါးတည်းသွားပြီး တောကျောင်းမှာနေတယ်။ ကောသမ္ဗီပြည်နဲ့ နှစ်ဂါဝုတ်လောက်ဝေးတဲ့နေရာမှာ ရှင်ခေမက, က တောကျောင်းမှာ တစ်ပါးတည်း သွားနေတယ်။

## အနာဂါမ်၊ ရှင်ခေမက

အဲဒီမှာနေတဲ့ ပုဂ္ဂိုလ်က အနာဂါမ်ပုဂ္ဂိုလ်လို့ မှတ်ရမယ်၊ တစ်ပါးတည်းနေတဲ့ ပုဂ္ဂိုလ်က အနာဂါမ်ပုဂ္ဂိုလ်လို့ မှတ်ထားပါ... (မှန်ပါ့)၊ အဲတော့ (၆၀) သော ရဟန်းကြီးတွေက ဝါလည်းကြီးတယ်၊ အသက်အရွယ်တွေလည်း ကြီးကြတယ်၊ ပုထုဇဉ်ရဟန်းကြီးတွေဖြစ်ပြီးသကာလ နေတယ်။

အဲဒီတော့ **ရှင်ခေမက** ဆိုတာက သူ့ကျောင်းနားမှာ ဓိးပင်တွေကများတော့ ဓိးတောကျောင်းလို့ခေါ်တယ်၊ အဲဒီ ဓိးတောကျောင်းမှာ **ရှင်ခေမက** က သီတင်းသုံးပြီးသကာလ နေတယ်၊ **ရှင်ခေမက** အနာဂါမ်လို့ မှတ်ထားလိုက်တာပေါ့... (မှန်ပါ့)။

## ရဟန်းကြီး (၆၀)

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်နဲ့ ခွာမှုကိုဖြင့် သောတာပန်တည်အောင် **ဟော** နိုင်မှု၊ **ပြော** နိုင်မှုမှာဖြင့် အင်မတန်ပဲ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ပဲ ဖြစ်ပါတယ်။

အဲဒါနဲ့ ရဟန်းကြီးတွေက စိတ်ကူးကြတယ်၊ ရှင်ခေမက ဆီသွားပြီးသကာလ တို့ရဟန်းကြီး(၆၀) သွားပြီး တရားနာလို့

ရှိရင်လည်း အင်မတန်ကောင်းမှာပဲ...(မှန်ပါ့)။ သောတာပန် တည်မယ်။

## ဓီးတောကျောင်း

သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်ဖို့ရာဆိုတော့ သောတာပန် တည်ပြီးလို့ရှိရင်ဖြင့် ခမ္မကဆောင်သွားတာနဲ့ အထူးအားထုတ်ရတယ်လို့ မဟုတ်တော့ဘူး။ ခမ္မက ရွက်ဆောင်သွားတော့တာပဲ၊ တို့သွားရမှာလည်း သူ့ကျောင်းကလေးက ဓီးတောကျောင်းဆိုတော့ တစ်ပါးတည်းနေတဲ့ကျောင်း ဖြစ်လေသောကြောင့် ကျဉ်းကျဉ်းလေး၊ ကျဉ်းကျဉ်းလေး တို့က သူဟောတဲ့တရားကိုနာချင်လို့ သူ့မေးမြန်းပြန်လို့ရှိရင်လည်း ထိုင်စရာမရှိ၊ နေစရာမရှိ၊ အဲဒီလို စိတ်ကူးဖြစ်နေတာနဲ့ ရဟန်းကြီး(၆၀)ထဲမှာ **ဒါသက** ဆိုတဲ့ ရဟန်းတစ်ပါးရှိတယ်။ သွားနိုင်၊ လာနိုင်တဲ့ **ဒါသက** ဆိုတဲ့ ရဟန်းတစ်ပါးက ဒကာကြွယ်ရှိတယ်လို့ မှတ်ထားလိုက်တာပေါ့...(မှန်ပါ့)။

## ရှင်ဒါသကကို လွှတ်လိုက်တယ်

အဲဒီ **ဒါသက** ဆိုတဲ့ ရဟန်းကိုလွှတ်ပြီးကာလ ငါတို့ရှေးဦးစွာ စကားစ ရအောင် မေးဦးမှပဲလို့ဆိုပြီးသကာလ အမေးခိုင်းလိုက်တယ်၊ အဲဒါနဲ့ပဲ နှစ်ဂါဝုတ်လောက်ရှိတဲ့ခရီး ကောသမ္ဗီ

ပြည်ကနေပြီး ဒါသက ဆိုတဲ့ သွားနိုင်၊ လာနိုင်တဲ့ ရဟန်းကို **ရှင်ခေမက** သီတင်းသုံးနေတဲ့ ဓိုးတောကျောင်းကို လွှတ်လိုက်ပါတယ်။

## ကျန်းမာချမ်းသာပါရဲ့လားဘုရား

ဘယ်လိုလွှတ်လိုက်သတုံးလို့ မေးတဲ့အခါကျတော့ အရှင်ဘုရား၊ ရဟန်း(၆၀)က အရှင်ဘုရား ကျန်းမာပါရဲ့လား၊ ချမ်းသာပါရဲ့လား၊ သွားပြီးသကာလ မေးချေကွလို့ အမေးခိုင်းလိုက်တယ်၊ ဒီလိုမေးတဲ့အချိန်မှာ ရှင်ခေမက အနာဂါမ်ပုဂ္ဂိုလ်က မမာမကျန်းဖြစ်နေတာနဲ့၊ သွားမေးတဲ့ ဒါသက ကိုပြောလိုက်တယ်၊ ငါ့ရှင် ငါ့ဝေဒနာက မသက်သာဘူး၊ ရှေ့သာတိုးနေတယ်။ နောက်မဆုတ်ဘူးလို့ ဒီလိုပြောလိုက် ဆိုလိုက်တဲ့အခါကျတော့ ငါဆိုတာလေးက ပါသွားတယ်...(မှန်ပါ)။ သို့သော် အနာဂါမ်ပဲ ... (မှန်ပါ)။

အနာဂါမ်တော့ အနာဂါမ်ပဲ၊ ငါဆိုတာကတော့ ပါသွားတယ်၊ ပါတာက ဒကာ ဒကာမတွေက မှတ်လိုက်ပါ၊ မသုံးမဖြစ်လို့ လို့မှတ်ပါ၊ ဒိဋ္ဌိငါတော့ မရှိပါဘူးလို့မှတ်ပါ၊ မာန ငါရှိတယ်လို့မှတ်ပါ၊ ဘယ်လိုမှတ်ကြမတုံး ...(မာန ငါရှိပါတယ်ဘုရား)။ ဒိဋ္ဌိကတော့...(မရှိပါဘူးဘုရား)။

## ရောဂါဝေဒနာ မသက်သာဘူး

အဲဒီတင် သူက ငါဝေဒနာဟာကွာ၊ ရှေ့သာတိုးနေတယ်၊ နောက်သို့ မဆုတ်ဘူးကွ၊ အဲဒီလိုပဲ ရဟန်းကြီး(၆၀) မင်းပြန်ပြီးပြောလိုက်တာပေါ့။ ခိုင်းလိုက်တဲ့ ဒါသက က, နှစ်ဂါဝုတ်ရှိတဲ့ ခရီးကလာပြီး၊ နှစ်ဂါဝုတ်ရှိတဲ့ ခရီးကိုပြန်ပြီးသကာလ ရဟန်းကြီးတွေ သွားလျှောက်တယ်၊ အရှင်ဘုရား၊ ခေမကဆိုတဲ့ ရဟန်းကတော့ဖြင့် ရောဂါဝေဒနာလည်း ဖြစ်နေတယ်ဘုရား၊ အဲဒါ ရောဂါဝေဒနာလည်း မသက်သာဘူး၊ ရှေ့သာတိုးနေတယ်၊ နောက်သို့မဆုတ်ဘူး၊ ငါ့ဝေဒနာဟာ ဤအတိုင်းပဲလို့ ပြောလိုက်တယ်ဘုရား။

ဒါနဲ့ ရဟန်းကြီးတွေက တရားကလည်း နာချင်တော့ ရဟန်းကြီးတွေက ဒါသက မင်းတစ်ခေါက်သွားပါဦးကွာ ဆိုတော့ တစ်ခေါက်ပြန်လာပြီနော်။ တစ်ခေါက်သွားချေပါဦးကွာ၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးကို ငါ၊ ငါ့ဥစ္စာလို့များ စွဲနေသေးသလားလို့ ဒါသက မင်းရှင်ခေမက သွားမေးချေဦးကွာဆိုပြီး လွှတ်လိုက်ကြပြန် ဘယ်။

## ငါ၊ ငါ့ဥစ္စာလို့ စွဲသေးသလားဘုရား

လွတ်လိုက်ကြတဲ့အခါကျလို့ရှိရင် ဒါသကဆိုတဲ့ ရဟန်းက နှစ်ခေါက်ပြည့်အောင် သွားရပြန်တယ်...(မှန်ပါ့)၊ ဒါဖြင့် ရှင်ခေမက ဓိးတောကျောင်းရောက်သွားတဲ့အခါမှာအရှင်ဘုရား၊ တပည့်တော် ရဟန်းကြီး (၆၀)က လွှတ်လိုက်ပြန်ပါတယ်ဘုရား၊ အေး ...ဘာကိစ္စတုံး၊ ခန္ဓာငါးပါးရှိပါတယ်ဘုရား၊ ခန္ဓာငါးပါးကို ငါ၊ ငါ့ဥစ္စာလို့များ အရှင်ဘုရား စွဲနေပါသလားလို့ မေးလိုက်ပါတယ်၊ ကွာ...ရဟန်းကြီးတွေ လျှောက်လိုက်ပါ၊ ငါ၊ ငါ့ဥစ္စာတော့ ဖြင့် မစွဲပါဘူးဆိုတဲ့အကြောင်း မင်းပြန်ပြီးသကာလလျှောက်ချေ ဆိုပြီးသကာလ၊ ဒါသက လွှတ်လိုက်တယ်၊ လွှတ်လိုက်တော့ ဒါသက,က ရဟန်းကြီး(၆၀)ရှိရာ ကောသမ္ဗီပြည်သွားပြီးသကာလ အရှင်ဘုရား ရှင်ခေမက ကတော့ ဝေဒနာတော့ဖြစ်တာပဲဘုရား၊ ဖြစ်ပင်ဖြစ်ငြားသော်လည်း ငါ၊ ငါ့ဥစ္စာ၊ ဒီလိုအစွဲတော့ မရှိဘူးလို့ ပြောပါတယ်ဘုရားလို့ အလျှောက်ခိုင်းလိုက်တယ်... (မှန်ပါ့)။

## ငါ၊ ငါ့ဥစ္စာ မရှိတော့ဘူး

ဒါနဲ့ ဒါသက,က လျှောက်လိုက်တော့ ရဟန်းကြီးတွေက ကျေနပ်တယ်။ အင်း ...ဒါဖြင့် ငါ၊ ငါ့ဥစ္စာ ပြုတ်ပြီဆိုတဲ့ အဓိပ္ပါယ် ယူလိုက်တယ်...(မှန်ပါ့)။

အဲတော့ ဒါဘယ်သူက ဖြေတာတုံးဆိုတော့ ဒကာတွေယ်၊ ဒကာသစ်တို့၊ ဒကာအုန်းတို့ သိရောပေါ့...(မှန်ပါ့)၊ အနာဂါမ်က ဖြေလိုက်တော့...(မှန်ပါ့)၊ ငါ၊ ငါ့ဥစ္စာတော့ မရှိပါဘူး၊ သဘောကျပလား ...(ကျပါပြီဘုရား)။

## ငါ၊ ငါ့ဥစ္စာဖြုတ်ဖို့ အရေးကြီးတယ်

ဒါဖြင့် အာလုံး ဒကာ ဒကာမတို့၊ ကျုပ်တို့မှာ ဘာအရေးကြီးနေတုံးဆိုလို့ရှိရင်ဖြင့် ငါ၊ ငါ့ဥစ္စာပြုတ်ဖို့ရာအရေးဟာ အလွန်အရေးကြီးပါတယ်...(မှန်ပါ့) ငါ၊ ငါ့ဥစ္စာပြုတ်ဖို့အရေးဟာ အလွန်အရေးကြီးပါတယ်၊ တခြားသောအရေးထက် ကြီးတယ်လို့ အားလုံး ဒကာ ဒကာမတွေ လေးစားစွာနဲ့ မှတ်ပါ... (မှန်ပါ့)။

ငါ၊ ငါ့ဥစ္စာပြုတ်ဖို့ဆိုတာ အတ္တနဲ့ အတ္တနိယဆိုတာ အတ္တက ငါ၊ အတ္တနိယက ငါ့ဥစ္စာ၊ သဘောကျပလား ...(ကျပါပြီဘုရား)။ ရုပ်နာမ်ကို ငါထင်တယ်၊ ခြေ၊ လက်၊ နား၊ နှာခေါင်း၊ ဆံပင်၊ အဝတ်အစားတွေ ငါ့ဥစ္စာထင်တယ်၊ အပြောသာပြောတာ၊ အပြစ်မရှိဘူးနော်၊ ထင်တဲ့ ဒိဋ္ဌိကိုဆိုတာ...(မှန်ပါ့)။

## အနာဂါမ်တည်တဲ့ ပုဂ္ဂိုလ်

အဲတော့ အခု အနာဂါမ်တည်တဲ့ပုဂ္ဂိုလ်က သူကတဲ့ ငါ့ ဝေဒနာ ရှေ့သို့တက်နေတယ်၊ နောက်တော့ မဆုတ်ဘူးဆိုတာ ပြောတာ၊ သို့သော် ရဟန်းကြီးတွေက အရှင်ဒါသက ဒုတိယ အကြိမ် ပြန်အမေးခိုင်းတဲ့အခါကျတော့ အရှင်ဘုရား၊ ခန္ဓာငါးပါး ရှိတယ်၊ ငါ၊ ငါ့ဥစ္စာလို့များ စွဲနေပါသေးသလားလို့ မေးလိုက်တဲ့ အခါကျတော့ ဒါသက ကို ရှင်ခေမက အနာဂါမ်က ငါ၊ ငါ့ဥစ္စာ တော့ မရှိပါဘူးကွာလို့ ရဟန်းကြီးတွေ သွားလျှောက်လိုက်ပါ ဆိုတော့ ဒါသက နှစ်ခေါက်ပြန်ပြီးသကာလ ငါ၊ ငါ့ဥစ္စာမရှိတဲ့ အကြောင်း သွားလျှောက်တယ်။

သွားလျှောက်တော့ ရဟန်းကြီးတွေက ဩော်...ငါ၊ ငါ့ ဥစ္စာပြုတ်တဲ့ သောတာပန်ပုဂ္ဂိုလ်ပဲလို့ဆိုပဲ့ာ သူတို့အကဲခတ်မိ ကြတယ်...(မှန်ပါ့)။

## သောတာပန်ဆိုတာ ဘာပါလိမ့်

အဲဒါကြောင့် သောတာပန်ဆိုတာ ဘာပါလိမ့်မလဲဆိုတာ မေးတဲ့အခါ ချိုပေါက်တယ်လို့ အောက်မေ့မနေနဲ့..(မှန်လှပါ ဘုရား)၊ ရုပ်နာမ်ဓမ္မတွေရှိတဲ့အနက်က ငါ၊ ငါ့ဥစ္စာတော့မဟုတ် ဘူး၊ ရုပ်နာမ်ဓမ္မသာ ဟုတ်တယ်၊ ဖြစ်ပျက်သာဟုတ်တယ်၊

ဒုက္ခသစ္စာသာ ဟုတ်တယ်လို့ ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် သိသွားလို့ရှိရင် ဒါ သောတာပန်ပဲ…(မှန်ပါ့)။ သဘောကျပလား …(ကျပါပြီဘုရား)။

ရုပ်နာမ်ခမ္မသာရှိတယ်၊ ဖြစ်ပျက်သာရှိတယ်၊ ဒုက္ခသစ္စာသာရှိတယ်လို့ ဆုံးဖြတ်ချက်ချထားပြီးသား၊ အပြောတော့ဖြင့် မပြောမဖြစ်လို့ပြောတာ၊ အထင်ကဖြင့် တကယ်မရှိပါဘူး၊ ဒါတွေဟာ ရုပ်နာမ်သာရှိပါတယ်၊ ဖြစ်ပျက်သာ ရှိပါတယ်၊ ဒုက္ခသစ္စာသာ ရှိပါတယ်လို့ ဉာဏ်ထဲမှာ အတိအကျ ဆုံးဖြတ်ချက်ချပြီးလို့ရှိရင် ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဒကာအုန်းတို့ ဒါ သောတာပန်၏ ဉာဏ်ပဲ…(မှန်ပါ့)။

အပြောတော့ ပြောကြမှာပဲနော်၊ မပြောမဖြစ်လို့ ပြောတယ်လို့ မှတ်ရမယ်၊ ဘုရားတောင်မှင့ါသပိတ်ယူခဲ့စမ်း အာနန္ဒာ၊ ငါ့သင်္ကန်းကြီး ခင်းလိုက်ကွာ အာနန္ဒာတော့ ခိုင်းသေးတာပဲ…(မှန်ပါ့)၊ မခိုင်းရဘူးလား …(ခိုင်းပါတယ်ဘုရား)။

## ငါ၊ ငါ့ဥစ္စာပြုတ်နည်း

အဲတော့ အပြောငါက လိုရင်းမဟုတ်ပါဘူး၊ အထင်ငါက လိုရင်းပါ၊ သဘောကျပလား …(ကျပါပြီဘုရား)၊ အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ဒိဋ္ဌိကို အသာလေး

ဘေးချိတ်ထားပြီး ခဏချိတ်ထားပြီး၊ ကိုယ့်ဟာကိုယ် ငါ၊ ငါ့ဥစ္စာ ဖြုတ်နည်းကို ဆရာဘုန်းကြီးက ပြောမယ်။

ဒါလေး အထူးဂရုစိုက်ပြီးသကာလ သြော်...ဒီဥစ္စာဟာ အတော်အရေးကြီးတဲ့အချက်ပါလား၊ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်မှာ ငါ၊ ငါ့ဥစ္စာပြုတ်ရင် သောတာပန်တည်တာပဲဆိုတာ ဒကာ ဒကာမတွေ အတိအကျ ဆုံးဖြတ်ချက်ချပါ...(မှန်ပါ့)။

## ငါ၊ ငါ့ဥစ္စာပြုတ်ရင် သောတာပန်တည်တယ်

သောတာပန်တည်တယ်ဆိုတာ ငါ၊ ငါ့ဥစ္စာပြုတ်တာသာ မှတ်ပေတော့...(မှန်ပါ့)၊ သောတာပန်တည်တယ်ဆိုတာ ဘာပါ လိမ့်...(ငါ၊ ငါ့ဥစ္စာ ပြုတ်တာပါဘုရား)။

အပြောဘယ်လိုပဲ ကျန်နေနေ ဒကာ ဒကာမတို့ မစိုးရိမ် ပါနဲ့နော်၊ သို့သော် ဒါမလာခင်လေး ဒကာ ဒကာမတွေက မှတ်စရာက ဒိဋ္ဌိငါ၊ မာနငါ၊ ဒီလို ငါကနှစ်မျိုးရှိတယ်၊ ဒိဋ္ဌိနဲ့ ငါဆိုတာကလည်း ဒိဋ္ဌိပါပဲ၊ မာနကလည်း ငါပဲ၊ အဲတော့ ဒိဋ္ဌိ ငါသာပြုတ်တယ်၊ အနာဂါမ်များမှာ မာနငါကျန်တယ်လို့ မှတ် ထားရမယ်...(မှန်လှပါဘုရား)၊ ဒိဋ္ဌိငါကတော့...(ပြုတ်ပါတယ် ဘုရား)။

## သံသရာစရိုးကြီး ပြတ်သွားပြီ

အဲတော့ ဒကာ ဒကာမတို့ ကျုပ်တို့ဟာကျုပ်တို့ သူများပြုတာ ကြားရသဖြင့်လည်း ဩော်...တော်ပါပေတယ်၊ အပါယ်လေးပါး တံခါးပိတ်တဲ့ ဒိဋ္ဌိပြုတ်ပါပေတယ်၊ သံသရာစရိုးကြီးကိုဖြင့် အင်း...အများကြီးပြတ်သွားပါပေါ့လားလို့ မဆိုထိုက်ဘူးလား...(ဆိုထိုက်ပါတယ်ဘုရား)။

ဒိဋ္ဌိငါပြုတ်လို့ရှိရင် ဒကာ ဒကာမတို့ မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဘယ်လိုများ လာတယ်ဆိုတဲ့ဥစ္စာ အင်မတန်အားကျစရာ၊ အားတက်စရာ၊ ဝမ်းမြောက်စရာ၊ ကိုယ့်ကိုယ်ကို အားကိုးစရာ၊ ကိုယ့်အတွက် ဝမ်းမြောက်စရာ၊ ဒကာကြွယ်၊ ဒကာသစ်တို့လို အင်မတန်ကောင်းတယ်...(မှန်လှပါဘုရား)။

## အလျား၊ အနံ၊ အနက်၊ ယူဇနာ (၅၀) ရေကန်

ယူဇနာ(၅၀)ရှိတဲ့၊ ယူဇနာ (၅၀)စတုရန်းပတ်လည် ရှိတဲ့ရေကန်ကြီးထဲမှာ အနက်ကလည်း (၅၀)ပဲ ဒကာသစ် ထားပါတော့...(မှန်ပါ)။ ရေကို နှုတ်ခမ်းနဲ့ညီအောင် ရှိပါစေ...(မှန်ပါ)။

## ရေမှုန်(၇)ခု

အဲတော့ မြက်ကလေးနဲ့၊ သမန်းမြက်ကလေး အဖျားကလေးနဲ့ သွားတို့လိုက်၊ ကုန်းပေါ် သွားခါလိုက် (၇)ခါ ခါလိုက်တော့ ရေမှုန်ကလေး(၇)ခုတော့ဖြင့် ဒကာကြွယ်ရေ၊ ကုန်းပေါ်ရောက်မှာပေါ့ဗျာ...(ရောက်ပါတယ်ဘုရား)။

သို့သော် အနက်ယူဇနာ (၅၀)ရှိတဲ့ ရေနဲ့ ယူဇနာပတ်လည်(၅၀) အညီအမျှရှိတဲ့ရေနဲ့ နှိုင်းချိန်လိုက်ရင် (၇)မှုန်အပေါ်ရောက်သွားတာ မပြောပလောက်ပါဘူး ...(မှန်ပါ့)။ ကျန်တာကအများကြီးပိုနေတယ်...(မှန်လှပါဘုရား)။ မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် အပြင်ဘက်က ရေသည် မပြောပလောက်၊ အတွင်းကျန်တဲ့ရေသည် အလွန်များပြားတယ်၊ ဆိုထိုက်ပလား...(ဆိုထိုက်ပါတယ်ဘုရား)။

## အလွန်ကျေးဇူးများတာ သိစေချင်လို့

ဒီမှာလည်း ယနေ့ ဒကာ ဒကာမတွေ ဟောရမည့်ဥစ္စာ၊ ငါ၊ ငါ့ဥစ္စာ ပြုတ်လို့ရှိရင်ဖြင့် အလွန်ကျေးဇူးများတာ သိစေချင်လို့ မဟာဝဂ္ဂသံယုတ်ပါဠိတော် ထုတ်လာတာ...(မှန်ပါ့)။

ဒကာ ဒကာမတွေမှာ ခေါင်းပြတ်၊ လည်ပြတ်၊ အပါယ်ထဲမှာ နှစ်ပေါင်းများစွာနေ၊ သူများပါးစပ်ထဲမှာ သေရ၊ ကြေရ လမ်းဆုံးရ၊ လမ်းဆုံးတဲ့ ဒုက္ခပေါင်းဟာတဲ့ ငါ၊ ငါ့ဥစ္စာပြုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒကာ ဒကာမတို့၊ ကန်ထဲမှာရှိတဲ့ ရေမှုန်လေးတွေ၊ သမန်းမြက်ဖျားမှာပါတဲ့ ရေမှုန်လေးတွေနှင့်အမျှဆိုတော့ ရေမှုန်ကလေးတွေ နည်းသလား ...(မနည်းပါဘူးဘုရား)။

## ငါ၊ ငါ့ဥစ္စာပြုတ်တဲ့ပုဂ္ဂိုလ်

ရေကန်ထဲမှာလေ၊ သမန်းမြက်နဲ့ တို့တို့ခါမယ်ဆို ကုန်နိုင်စရာရှိရဲ့လား ...(မရှိပါဘူးဘုရား)။ အဲဒီရေကန်ထဲမှာရှိတဲ့ ရေမှုန်နှင့်အမျှ ဒုက္ခတွေဟာ ငါ၊ ငါ့ဥစ္စာပြုတ်တဲ့ ပုဂ္ဂိုလ်မှာ နောက်လွတ်သွားတယ်။ ကုန်းပေါ်မှာ ခါလိုက်တဲ့ (၇)ခု အမှုန်ကလေး အတွက်ပဲ ဒုက္ခကျန်တော့တယ်...(မှန်လှပါဘုရား)။

မရေတွက်နိုင်တဲ့ ဒုက္ခတွေ သိမ်းသွားပြီ ဆိုထိုက်ပလား ...(ဆိုထိုက်ပါပြီဘုရား)၊ မရေတွက်နိုင်တဲ့ ဒုက္ခတွေဟာ သိမ်းဆည်းပျောက်ပျက်သွားပြီ၊ အဟောသိကံဖြစ်သွားပြီလို့ မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား)၊ ရေတွက်နိုင်တဲ့ (၇)ခါ ဒုက္ခလောက်ပဲ ကျန်တော့တယ်။

## ဒုက္ခအနန္တ ပြုတ်တယ်

ဒါဖြင့် ငါ၊ ငါ့ဥစ္စာပြုတ်ဖို့ဟာ သူတစ်ခါပြုတ်လိုက်တယ် ဆိုရင် ဒုက္ခပေါင်း မရေတွက်နိုင်တဲ့ အနန္တ ပြုတ်တယ်ဆိုတာ ဘုရားဥပမာပြလိုက်တယ်...(မှန်လှပါဘုရား)၊ သဘောကျ ပလား ...(ကျပါပြီဘုရား)။

## ဒီအရေးဟာ အကြီးဆုံးအရေး

ဒါဖြင့် ဒကာ ဒကာမတို့ ငါ၊ ငါ့ဥစ္စာပြုတ်ဖို့အရေးဟာ က သားရေး၊ သမီးရေး၊ စီးပွားရေး၊ နိုင်ငံရေး အလုံးစုံသော အရေးတွေထက် ကြီးတယ်မှတ်ပါ...(မှန်ပါဘုရား)၊ ဒီ အရေးဟာ အကြီးဆုံးပဲလို့ ဆုံးဖြတ်ချက်ချပါနော်...(မှန်ပါ့ ဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေး၊ အလုံးစုံသောအရေး၊ အခု အမေ မမာလို့ ကြေးနန်းရောက်တာတွေ၊ အခု အင်မတန် ချစ်လှစွာသော သားလေးမမာလို့ အင်း ...အမြန်လာခဲ့ပါဆိုတာ တွေ၊ ဒါတွေ အသာထားလိုက်စမ်းပါ၊ အရေးမကြီးပါနဲ့၊ ဒီ ငါနဲ့ ငါ့ဥစ္စာလေး ပြုတ်ဖို့ရာ အရေးကိုသာ အကြီးဆုံးထားလိုက်... (မှန်လှပါဘုရား)။

ဒါပြုတ်လိုက်လို့ရှိရင်ဖြင့် ကုန်းပေါ်မှာ ခါတဲ့ (၇)ခါ ဒုက္ခ သာ ကျန်တော့တယ်၊ ရေကန်ထဲမှာရှိတဲ့ သမန်းမြက်ဖျားပါတဲ့

ရေမှုန်ထက်သာတဲ့ အမှုန်များစွာသော ဒုက္ခတွေချုပ်ငြိမ်း၊ ရုပ်သိမ်းသွားပြီဆိုတော့ ဒီအရေးဟာ ကျုပ်တို့ အရေးတကြီး ခမ်းခြောက်အောင်လုပ်ရမည့်အရေးဆိုတာ ဒကာကြွယ်၊ ဒကာသစ် တို့၊ ဒကာ့အုန်းတို့ မှတ်မိပေါ့...(မှန်ပါ့)၊ အရေးမကြီးဘူးလား ...(ကြီးပါတယ်ဘုရား)။

## ဉာဏ်ချိန်ခွင်နဲ့ ချိန်တဲ့စကား

ဒါ ဘယ်ဉာဏ်နဲ့ချိန်တာတုံးလို့ ဒကာ ဒကာမတွေက မေးတော့ ဘုရားသဗ္ဗညုတ ဉာဏ်တော်တည်းဟူသော ချိန်ခွင်နဲ့ ချိန်ကြည့်တာ...(မှန်လှပါဘုရား)၊ သဗ္ဗညုတ ဉာဏ်တော်တည်း ဟူသော ချိန်ခွင်နဲ့ ချိန်ကြည့်လိုက်တော့ကို အင်မတန် သိကြား လိမ္မာတဲ့ ကိုယ်တော်ကြီး၊ အသိမှာ သူ့ထက်သိတဲ့ပုဂ္ဂိုလ်မရှိဘူး၊ အမြင့်ဆုံးသိ၊ တန်းကုန်သိ၊ အသိဆုံးသိတဲ့ ကိုယ်တော်ကြီး၊ ဉာဏ်ချိန်ခွင်နဲ့ချိန်တဲ့ စကားဖြစ်လေသောကြောင့် ကျုပ်တို့ မယုံ မရှိနဲ့တော့၊ အင်မတန် မှန်ပြီလို့ ဆုံးဖြတ်ချက်ချ...(မှန်လှပါ ဘုရား)။

## အရေးအကြီးဆုံးအလုပ်

ဒုက္ခပေါင်း အနန္တ၊ ငါ၊ ငါ့ဥစ္စာသာပြုတ်ရင် ဒုက္ခပေါင်း ဘယ့်နှယ်နေတုန်း ...(ပြုတ်ပါတယ်ဘုရား)၊ ပြုတ်သွားပြီ၊ ဪ...ဒါဖြင့် ဒကာ၊ ဒကာမတို့ ငါ၊ ငါ့ဥစ္စာလေး ပြုတ်သွားခြင်းကြောင့် ဒုက္ခအနန္တ ပြုတ်သွားတာဟာ အင်မတန်မှ ကျုပ်တို့သည် ဖြုတ်ချင်စရာ ကောင်းပါလား၊ ငါ၊ ငါ့ဥစ္စာ နစ်လုံးဖြုတ်ဖို့ရာဟာ အင်မတန် အရေးကြီးတဲ့ အလုပ်တစ်ခုပါလားလို့ဆိုပြီး အကြီးဆုံး အလုပ်ထဲ သူ့သွင်းထားရမယ်...(မှန်လှပါဘုရား)။

## ဘယ်အကုသိုလ်မဆို ငါ၊ ငါ့ဥစ္စာက လာတာ

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဘယ် အကုသိုလ်မဆို ဒကာ ဒကာမတွေ လေးစားစွာနဲ့ မှတ်လိုက်ပါ၊ ငါကလာတာ၊ ငါ့ဥစ္စာက လာတာချည်းပဲ...(မှန်လှပါဘုရား)။ လာချင်တဲ့ အကုသိုလ်လာ ဒကာ ဒကာမတို့ ဘယ်က လာတယ် ထင်တုံး ...(ငါ၊ ငါ့ဥစ္စာက လာတာပါဘုရား)။

ငါက ရင်လည်း လာရမယ်၊ ငါ့ဥစ္စာက ရင်လည်း ... (လာရမှာပါဘုရား)၊ ငါ့ဘာမှတ်လို့တုံးဆိုတဲ့ ဥစ္စာလည်း ငါက လာတာပဲ၊ ငါ့ပစ္စည်းမထိနဲ့၊ ငါ့သားမထိနဲ့၊ ငါ့အလျှင် မကျူး လွန်နဲ့ အစရှိသည် ဥစ္စာ၊ ငါ့ဥစ္စာက လာတာ...(မှန်လှပါဘုရား)။

## အကုသိုလ်ဟူသမျှ ဉာဏ်ဒိဋ္ဌိ (၂) ပါးက

ဒါဖြင့် အကုသိုလ်ဟူသမျှ အစလက်သည်ကဖြင့် ငါဆိုတဲ့ ဒိဋ္ဌိ၊ ငါ့ဥစ္စာဆိုတဲ့ ဒိဋ္ဌိ၊ ဉာဏ်ဒိဋ္ဌိနှစ်ပါးက လာတာပဲ...(မှန်ပါဘုရား)။ ဒါဖြင့် အကုသိုလ် ရေသောက်မြစ်တစ်ခု ပြတ်သွားတယ်ဆိုရင် လွဲပါ့မလား ...(မလွဲပါဘူးဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ငါ၊ ငါ့ဥစ္စာနှစ်ခု ပြုတ်သွားလို့ရှိရင်ဖြင့် ယူဇနာ (၅၀)ပတ်လည်ရှိတဲ့ ရေကန်ကြီး၊ အနက်ကလည်း (၅၀)၊ ဒီအထဲမှာရှိတဲ့ ရေမှုန်တွေဟာ နည်းသလားဗျာ...(မနည်းပါဘူးဘုရား)။ အဲဒီဒုက္ခတွေဟာ ငါ၊ ငါ့ဥစ္စာတစ်လုံးပြုတ်တာနဲ့ အကုန်ပြုတ်ရတယ်...(မှန်လှပါဘုရား)။

ဆိုတော့ ဘုရားသဗ္ဗညုတဉာဏ်တော်ချိန်ခွင်ကြီးနဲ့ ချိန်ပြီးပြောတာ ဖြစ်နေသောကြောင့်လည်းကောင်း၊ ဟာ... ကြီးကျယ်လှချည်လား၊ ငါ၊ ငါ့ဥစ္စာဖြုတ်ဖို့ရာက အလွယ်လေး၊ အမြတ်အစွန်းတွေ ထွက်လိုက်တာက အများကြီးလို့ ဒီလိုလည်း မချိန်နဲ့၊ အကုသိုလ်ဟူသမျှ ငါ၊ ငါ့ဥစ္စာက လာတာ...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။

## ငါ၊ ငါ့ဥစ္စာက လာတာချည်းပဲ

အကုသိုလ်ဟူသမျှ...(ငါ၊ ငါ့ဥစ္စာက လာတာပါဘုရား)။ ငါ၊ ငါ့ဥစ္စာက လာတာချည်းပဲလို့ ဒကာကြွယ်၊ ဒကာသစ်၊ ဒကာအုန်းတို့ မှတ်စရာပေါ့ဗျာ...(မှန်ပါဘုရား)။ စဉ်းစားကြည့်စမ်း၊ စဉ်းစားကြည့်စမ်း၊ ကိုယ့်အိမ်၊ ကိုယ့်ယာ ရောက်သွားတယ်ဆိုလို့ ရှိရင်ဖြင့် ကိုယ့်အိမ်ဆိုလို့ရှိရင်ပဲတဲ့၊ ကိုယ်ပြုပြင်မှုဆိုတဲ့ ဒုက္ခတွေက တစ်ခါတည်း လာတာပဲ...(မှန်ပါ)။

ကိုယ့်အိမ်ကျရင် ကိုယ်တံမြက်စည်းလှဲချင်တယ်၊ ကိုယ်ပဲ မကောင်းတာတွေ အကုန်ပြောချင်တယ်၊ သာယာပြန် လည်း ကိုယ်ပဲ သာယာချင်တယ်၊ ကိုယ့်အိမ်ရယ်လို့ ဖြစ်သွား တော့ ကိုယ်နဲ့ ငါနဲ့က အတူတူကိုဗျ၊ အဲဒါတွေ လာလိုက်တော့ သူက ပေးတဲ့ဒုက္ခတွေ နည်းသလားဗျာ...(မနည်းပါဘူးဘုရား)။

ပြီးတော့ ကိုယ့်အိမ်၊ ကိုယ့်ယာကို တကယ်လို့ အဝေးက ပဲ မီးသံကြားပြန်လည်း သူများအိမ်အတွက် စိုးရိမ်တာလား၊ ကိုယ့်အိမ်အတွက် စိုးရိမ်တာလား ...(ကိုယ့်အိမ်အတွက် စိုးရိမ်တာပါဘုရား)၊ ကိုယ့်အိမ်အတွက် စိုးရိမ်တာလား၊ ကိုယ့်အတွက် စိုးရိမ်တာလား ...(ကိုယ့်အတွက် စိုးရိမ်တာပါဘုရား)၊ ဒါဖြင့် ကိုယ့်အိမ်နဲ့ ကိုယ်နဲ့ဟာ လုံးနေတော့တာပဲ၊ မလုံးဘူးလားဗျာ... (လုံးပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ဘယ်က ထိတ်ထိတ်၊ ဘယ်က လန့်လန့်၊ ဘယ်လို ဒေါသဖြစ်ရ ဖြစ်ရ၊ ဘယ်လိုပဲ သံသယရှိရ ရှိရ၊ ငါ၊ ငါ့ဥစ္စာနှစ်ခုက လာတာချည်းမှတ်ပါ... (မှန်ပါ့)။ သဘောကျပလား ...(ကျ ါပြီဘု ရား)။

## သက္ကာယဒိဋ္ဌိကြောင့် အပါယ်သွားတာ

ဒါဖြင့် အပါယ်သွားခြင်းအကြောင်းဟာဖြင့် ဒကာ ဒကာမတို့ ကျန်တဲ့ လောဘ၊ ဒေါသ၊ မောဟကြောင့် သွားသည်မဟုတ်၊ သက္ကာယဒိဋ္ဌိဆိုတဲ့ ငါ၊ ငါ့ဥစ္စာကြောင့်သွားတာ...(မှန်ပါ)။

ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟကြောင့်သွားတယ် ဆိုတဲ့ဥစ္စာဟာ လောဘ၊ ဒေါသ၊ မောဒထဲမှာမှ ခေါင်းဆောင် အကြီးဆုံး ရှာပြန်တော့ အပါယ်ပို့တဲ့ နေရာမှာဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒိဋ္ဌိအဆိုးဆုံးပဲ...(မှန်ပါ့ဘုရား)။ ငါ၊ ငါ့ဥစ္စာ က အပို့ဆုံးပဲ။

သံသရာလည်တဲ့ နေရာမှာကော...(ငါ၊ ငါ့ဥစ္စာပါပဲ ဘုရား)၊ တစ်ခါစဉ်းစားကြည့်ဦး၊ ဆေးကုမရတဲ့ အနာပေါက် တာများလည်း မိစ္ဆာဒိဋ္ဌိတွေဖြစ်သွားတာလည်း သူပဲ လက်သည် မကျဘူးလား ...(ကျပါတယ်ဘုရား)၊ ဘုရားအဲဆူဆူနှင့် ပွင့်လို့ မကျွတ်တဲ့ မိစ္ဆာဒိဋ္ဌိဟာလည်း ဒီသက္ကာယဒိဋ္ဌိက ကြီးထွားလာ

တာတွေမှတစ်ပါး ဘာများဆိုစရာ ရှိသေးတုံး ...(မရှိပါဘုရား)။

## ဒိပြင်ဟာကို မလုပ်ချင်နေပါ

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒိပြင်ဟာကို မလုပ်ရချင် နေပါစေ၊ မကိုင်ရချင် နေပါစေ၊ ငါ၊ ငါ့ဥစ္စာဖြုတ်တဲ့နည်းလေးဖြင့် လေးစားစွာနဲ့ ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဒကာအုန်းတို့ လိုက်ဖြစ်အောင် လိုက်ပါ...(မှန်လှပါဘုရား)။

ဒီငါ၊ ငါ့ဥစ္စာကလည်း ဘယ်မှာမှီနေသတုံးလို့ မေးဖို့လိုတော့ ဒကာ ဒကာမတို့ ငါ၊ ငါ့ဥစ္စာဆိုတဲ့ဥစ္စာ၊ ဒိဋ္ဌိဝိပ္ပလ္လာသ မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား)။ ငါ၊ ငါ့ဥစ္စာဆိုတာ ဘာပါလိမ့်...(ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။ ဒိဋ္ဌိဝိပ္ပလ္လာသ၊ ကောင်းပြီ ဒိဋ္ဌိဖြစ်ပြန်၊ ဒိဋ္ဌိဝိပ္ပလ္လာသလည်း ဖြစ်ပြန်ဆိုတော့ ဒိဋ္ဌိဝိပ္ပလ္လာသကို ဒိဋ္ဌိနဲ့ ဖောက်ပြန်နေတာကို သမ္မာဒိဋ္ဌိမသွင်းရင်တော့ဖြင့် တည်ပါတော့မလား ...(မတည်ပါဘူးဘုရား)။ မိစ္ဆာဒိဋ္ဌိကြောင့် ဖောက်ပြန်နေတာကို သမ္မာဒိဋ္ဌိ မသွင်းရင်တော့... (မတည်ပါဘူးဘုရား)။

# သမ္မာဒိဋ္ဌိ အကူအညီယူပါ

ဩော်...ဒိဋ္ဌိဝိပ္ပလ္လာသ ဆိုတဲ့ဥစ္စာ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိနဲ့ ဆရာဘုန်းကြီး အကူအညီယူပြီး၊ သမ္မာဒိဋ္ဌိနဲ့ ဒကာ ဒကာမတွေ အမှန်အကန် မြင်လိုက်လို့ရှိရင်ဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်ရတော့မယ်...(မှန်လှပါဘုရား)။ မပြုတ်ပါနဲ့ဆိုလို့ ရပါ့ မလား ...(မရပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဒိဋ္ဌိက နင်သွားဟဲ့လို့ ဖြုတ်ရ မှာလား၊ အမြင်တည့်ပေးရုံပဲလားဆိုတာ ယနေ့စဉ်းစားကြည့်... (တည့်ပေးရုံပါဘုရား)။ အမြင်တည့်ပေးရုံပဲဆိုတော့ ဒကာကြွယ် ရေ ဒီဥစ္စာ မဖြုတ်တတ်ရင်လည်း ခက်တယ်။ ဖြုတ်တတ်ရင် လည်း အလွယ်လေးပဲဆိုတဲ့ အဓိပ္ပါယ် ရှင်းပါတယ်...(ရှင်းပါ တယ်ဘုရား)။

မဖြုတ်တတ်ရင်လည်း ...(ခက်ပါတယ်ဘုရား)။ ဖြုတ် တတ်ရင်တော့လည်း ...(အလွယ်လေးပါဘုရား)။ အလွယ်လေး ပဲဆိုတဲ့ အဓိပ္ပါယ်က ရှင်းသွားတော့ ဒကာ ဒကာမတို့ ဒိဋ္ဌိကြီးရင် ဒိဋ္ဌုပါဒါန် ဖြစ်ပါကယ်...(မှန်ပါ့ဘုရား)။ ဒိဋ္ဌိကြီးရင်...(ဒိဋ္ဌုပါဒါန် ဖြစ်ပါတယ်ဘုရား)။ ဒိဋ္ဌုပါဒါန်ဖြစ်လို့ရှိရင်ဖြင့် ဥပါဒါနပစ္စယာ ကမ္မဘဝေါ မသွားဘူးလား ...(သွားပါတယ်ဘုရား)။

## ဒိဋ္ဌိကြီးလာတော့ ဒိဋ္ဌုပါဒါန်ဖြစ်တယ်

ဒိဋ္ဌိကြီးလာတော့ ဘာဖြစ်သတဲ့တုံး ...(ဒိဋ္ဌုပါဒါန် ဖြစ်ပါတယ်ဘုရား)။ ဒိဋ္ဌိကြီးလာတော့ ဒိဋ္ဌုပါဒါန်၊ သဘောကျပလား ...(ကျပါပြီဘုရား)။ ပထမတော့ ငါ၊ ငါ့ဥစ္စာ၊ ပထမတော့ ဒီလောက် တင်ထားသေးတယ်။ တော်တော်ကြာကျတော့ ငါ့ကိုယ်ငါ အထင်အကြီးဆုံး၊ မလာဘူးလား ...(လာပါတယ်ဘုရား)။ ငါ့ဥစ္စာကို ငါအထင်အကြီးဆုံးဆိုတာကော...(လာပါတယ်ဘုရား)။

ဒိဋ္ဌိက ဘာဖြစ်လာတုံး ...(ဒိဋ္ဌုပါဒါန်ဖြစ်လာတယ်ဘုရား)။ ဒိဋ္ဌုပါဒါန်ဖြစ်လာတော့ ဒိဋ္ဌိနဲ့ ဒိဋ္ဌုပါဒါန်နဲ့ဟာ အကြီးအငယ်ပဲ ထူးတယ်...(မှန်လှပါဘုရား)။

ဒါဖြင့် အကြီးအငယ်ပဲထူးတော့ ဒိဋ္ဌုပါဒါန်ဆိုတော့ ဥပါဒါန်ဘက် လှည့်မသွားဘူးလား ...(လှည့်သွားပါတယ်ဘုရား)။ လှည့်သွားတော့ ဥပါဒါန ပစ္စယာ...(ကမ္မဘဝေါပါဘုရား)။ ကမ္မဘဝေါ၊ ကံကိုမြောက်သွားတယ်...(မှန်လှပါ)။

## ဒိဋ္ဌိကလာတဲ့ ကံတွေ

ကံမပြောက်ဘူးလား ...(ပြောက်ပါတယ်ဘုရား)။ ကမ္မ ဘဝပစ္စယာ...(ဇာတိပါဘုရား)။ ဟော...ဇာတိလာတယ်၊ ဒကာ ဒကာမတို့၊ ဒိဋ္ဌိမပြုတ်တော့ ကံလာတယ်။ ကံလာတော့...(ဇာတိ လာပါတယ်ဘုရား)။ ဇာတိလာတော့ ဒိဋ္ဌိကလာတဲ့ ဇာတိဆိုလို့ ရှိရင်ဖြင့် ဒကာကြွယ်၊ ဒကာသစ်တို့က စဉ်းစား အပါယ်ဇာတိပဲ လာရမယ်...(မှန်လှပါဘုရား)။ ဘယ်ဇာတိလာရမတုံး ... (အပါယ်ဇာတိ လာရမှာပါဘုရား)။

## နတ်ကို ဘုရားမှတ်လို့ ကိုးကွယ်တယ်

အပါယ်ဇာတိပဲ လာရမယ်ဆိုတာ ရှင်းလင်းနေတော့ သြော်–ဒိဋ္ဌိကြီးရင် ဒိဋ္ဌုပါဒါန်ပါလား၊ ဉပါဒါန ပစ္စယာ ကမ္မ ဘဝေါ ဆိုရင်ဖြင့် ဒိဋ္ဌိနဲ့ ပတ်သက်တဲ့ ကံတွေ အကုန်လုပ်တော့ မယ်...(မှန်လှပါဘုရား)။ မလုပ်ပေဘူးလား ...(လုပ်ပါတယ် ဘုရား)။ ဘယ်ကံတွေ လုပ်မတုံးဆိုတော့ နတ်ကိုလည်း ဘုရား မှတ်လို့ ကိုးကွယ်မည့်ကံတွေ မလာပေဘူးလား ...(လာပါတယ် ဘုရား)။

အင်း ...ဓာတ်ရိုက်တာတွေ အစရှိသည်တို့ကိုလည်း တကယ်ယုံကြည်ပြီးသကာလ တကယ်စွဲလမ်းတာလည်း ဒိဋ္ဌု

ပါဒါန်ပါပဲ...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။

## ရေကန်တူးလိုက်မှ အကျိုးပေးတယ်တဲ့

အဲဒီကဲ့သို့ ဒိဋ္ဌိကြီးလာပြီဆိုမှဖြင့် ဒိဋ္ဌုပါဒါန် တစ်ခါတည်း ဘုရားပဲ အမျိုးမျိုး၊ ဒီသစ်ပင်စိုက်မှ အကျိုးပေးတယ်ဆိုတဲ့ ဒိဋ္ဌုပါဒါန်၊ ဒီရေကန်လေး တူးလိုက်မှ အကျိုးပေးတယ်ဆိုတဲ့ ဒိဋ္ဌုပါဒါန် မလာဘူးလား ...(လာပါတယ်ဘုရား)။ ဒီထောင့်သွားပြီး ဘာလေးလုပ်လိုက်လို့အင်း ... အကျိုးပေးလာတယ်ဆိုတာကော ဒါဘာတွေပါလိမ့်ဗျာ...(ဒိဋ္ဌုပါဒါန်ပါဘုရား)။ ဒိဋ္ဌုပါဒါန်တွေက မလာဘူးလား ...(လာပါတယ်ဘုရား)။

အဲဒီ ဥပါဒါန်တွေကြောင့် ကမ္မဘဝေါဆိုတဲ့ ဒိဋ္ဌိနဲ့ပတ်သက်ပြီးလာတဲ့ ဒိဋ္ဌိက လောဘ၊ လောဘနဲ့ ပတ်သက်တဲ့ ကံတွေက သဟဇာတအဖြစ်နဲ့ ပါမလာဘူးလား ...(ပါလာပါတယ်ဘုရား)။

## ကြွက်တို့ မြွေတို့ဖြစ်တယ်

အဲဒီကံတွေက လာတော့ လောဘကံ၊ လောဘနဲ့ ဒိဋ္ဌိနဲ့တွဲနေတဲ့ ကံလို့ဆိုရင် လွဲပါ့မလား ...(မလွဲပါဘူးဘုရား)။ အဲဒီကံတွေလာတော့ ကမ္မဘဝ ပစ္စယာ ဇာတိ၊ ဒါကြောင့် ဥစ္စာစွဲသွား

လို့ ကြွက်ဖြစ်တယ်၊ ဥစ္စာစွဲသွားလို့ မြွေဖြစ်တယ်၊ ဥစ္စာစွဲသွားလို့ ဥစ္စာစောင့်ဖြစ်တယ်။ ဒီဥပါဒန်ကလာတာ...(မှန်လှပါဘုရား)။ ဘာကလာတာ...(ဒီဥပါဒါန်က လာပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီဥပါဒန်၊ ဥပါဒါနပစ္စယာ ဘာတုံး...(ကမ္မဘဝေါပါ ဘုရား)။ ကမ္မဘဝဆိုတော့ တစ်ခါတည်း မြွေဖြစ်တဲ့ကံ၊ ကြွက်ဖြစ်တဲ့ကံ၊ ဥစ္စာစောင့်ဖြစ်တဲ့ကံတွေ ပေါ်နေတယ်။ သေတော့ ကမ္မဘဝ ပစ္စယာ ဇာတိဆိုတော့ ဟောဒီမှာ မြွေဖြစ်လာတယ်၊ မဖြစ်ပေဘူးလား ...(ဖြစ်ပါတယ်ဘုရား)။ ဟောဒီမှာ ကြွက်ဖြစ်လာတယ်၊ ဟောဒီမှာ ဥစ္စာစောင့်ဖြစ်လာတယ်ဆိုရင်ကော...(မလွဲပါဘုရား)။

## မဖြစ်နိုင်တဲ့ တိရစ္ဆာန်မရှိ

အင်း ...ဒါဖြင့် ဒကာ ဒကာမတို့ တိရစ္ဆာန်မျိုးစုံ အကုန်စုံပြီးသကာလ မဖြစ်နိုင်တဲ့ တိရစ္ဆာန်မရှိ၊ မရောက်နိုင်တဲ့ အပါယ်မရှိတာသည်၊ လက်သည်ရှာ ဘာပါလိမ့်...(ဒီဥပါဒါန်ပါဘုရား)။ သဘောကျကြပလား ...(ကျပါပြီဘုရား)။ဘယ်ဟာပါလိမ့် ဒကာ ဒကာမတို့...(ဒီဥပါဒါန်ပါ ဘုရား)။ ဒီဥပါဒါန်ဆိုတာ ကောင်းကောင်းရှင်းပလား ...(ရှင်းပါပြီဘုရား)။ သြော်...ဒါဖြင့် ဒီဥပါဒါန်ဟာ မသေးပါလားဆိုတာ ဒကာ၊ ဒကာမတွေ ပေါ်လာတယ်။ မပေါ်လာဘူးလား ...(ပေါ်ပါ

တယ်ဘုရား)။

ဒိဋ္ဌုပါဒါန်နော်...(မှန်ပါ)။ ခင်ဗျားတို့က ဒိဋ္ဌိသာမညသာ အောက်မေ့နေတယ်၊ အခု သီလ ပဋ္ဌုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ အတ္တဝါဋ္ဌုပါဒါန်ဆိုတဲ့ ဥစ္စာတွေ ဥပါဒါန်ချည်းပဲ ဘုရားကဟောတော့ ဒကာ ဒကာမတို့ ဒိဋ္ဌုပါဒါန်ကြောင့် အခုကြည့်စမ်း ကမ္မဘဝ ဖြစ်လာတယ်၊ ကမ္မဘဝဆိုတော့ ဒိဋ္ဌိတည်းဟူသော အကြောင်းနဲ့ ပတ်သက်ပြီး မဟုတ်တဲ့ စေတနာတွေ မလာဘူးလား ...(လာပါတယ်ဘုရား)။

ဒီစေတနာတွေကြောင့် ဒကာ ဒကာမတို့ ဇာတိဆိုတဲ့ ကြွက်ဖြစ်ရတယ်၊ မြွေဖြစ်ရတယ်၊ ဥစ္စာစောင့် ဖြစ်ရတယ်၊ စပါးကြီးမြွေ ဖြစ်ရတယ်။ အစရှိသည်နဲ့ ဒကာ ဒကာမတွေ၊ ဒီဇာတိတွေဟာ လက်သည်ရှာ ဒကာအုန်း ဘယ်ကလာတာတုံး ...(ဒိဋ္ဌုပါဒါန်က လာတာပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အိမ်တစ်အိမ်မှာ ကြွက်တွေ မောင်းမရအောင် ဒီအိမ်ချည်းပဲ ပြန်တက်နေတယ်...(မှန်လှပါဘုရား)။ ဘာတွေတုံးလို့ မေးလို့ရှိရင် ငါ့အိမ် သူတို့က ဒီပြင်အိမ် မောင်းလို့ကို မရဘူး ...(မရပါဘုရား)။

## ဒီဋ္ဌုပါဒါန်က ဖြစ်တာချည်းပဲ

မတတ်သာလို့ ရိုက်ထုတ်ရင်ပြေးမယ်၊ ပြီးတော့ ညပြန်လာမယ်...(မှန်လှပါ)၊ ဘာတုံးဗျ ဒီဥစ္စာ...(ဒိဋ္ဌုပါဒါန်ပါဘုရား)။ ဒိဋ္ဌုပါဒါန်ဗျ၊ ဒီအိမ်သားတွေက ဖြစ်သွားတာ၊ သဘောကျပလား ...(ကျပါပြီဘုရား)၊ ဒီအိမ်ပေါ် အိမ်မြှောင်တွေ ဘယ်သူတင်တာတုံးလို့ မေးလို့ရှိရင်လည်း ဒိဋ္ဌုပါဒါန်က ဖြစ်တာတွေ ...(မှန်ပါ့)။

ဒိဋ္ဌုပါဒါန်ကြောင့် ကိုယ့်အိမ်ပေါ်မှာဖြစ်နေတဲ့ သတ္တဝါလေးတွေဟာ ရေတွက်နိုင်ကြရဲ့လား ...(မရေတွက်နိုင်ပါဘူးဘုရား)၊ အဲဒါ စဉ်းစားစမ်း၊ စဉ်းစားစမ်း။ ဘယ်သူက လာတယ်လို့ ဆိုကြမလဲ၊ အရင်အိမ်ရှင်၊ နောက်အိမ်ရှင်၊ အိမ်ရှင်ပေါင်းကလည်း ရေတွက်နိုင်ကြရဲ့လား ...(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်တော့ ဒီအိမ်မှာ အိမ်မြှောင်တွေ၊ ကြွက်တွေ တစ်ခါတည်း အမျိုးမျိုး အဖုံဖုံ၊ ပင့်ကူတွေ မောင်းလို့မရ၊ နှင်လို့မရ၊ ဒကာအုန်း ရှိ၊ မရှိ...(ရှိပါတယ်ဘုရား)၊ အဲဒါ ဘာတွေထင်ကြတုံး...(ဒိဋ္ဌုပါဒါန်ပါဘုရား)။ ဒကာ ဒကာမတို့ ဇကန်သူတို့က ဒိဋ္ဌုပါဒါန်က ဖြစ်တာချည်းပဲလို့ ဆုံးဖြတ်ချက်ချပါ...(မှန်ပါ့)။ သဘောကျပလား ...(ကျပါပြီဘုရား)။

## အိမ်မြှောင်တွေ မောင်းချလည်း ပြန်လာတာပဲ

ဒိဋ္ဌုပါဒါန် မဆိုးဘူးလားဗျာ၊ မယုံရင် ဒကာသစ်တို့ အိမ်မှာရှိတဲ့ ကြွက်တွေမောင်းကြည့် ညပြန်မလာဘူးဆိုတော့ ဘုန်းကြီး ဆိုရောပေါ့ဗျာ...(မှန်ပါ့ဘုရား)၊ အိမ်မြှောင်တွေမောင်း ချ ပြန်မလာဘူးလား ...(လာပါတယ်ဘုရား)၊ ကပ်မိကပ်ရာ ဒီအိမ်ကတော့ မခွာဘူးကွ။ ကပ်မယ်ဆိုတဲ့ဥစ္စာ လှည့်ပြီးမကပ် ပေဘူးလား...(ကပ်ပါတယ်ဘုရား)၊ အဲဒါ ဘာထင်ကြသတုံး ...(ဒိဋ္ဌုပါဒါန်ကပါ ဘုရား)။

ဒါဖြင့် ဒီအိမ်မှာ အရင်လူတွေကသော်လည်းကောင်း၊ ရှေးက လူပေါင်းများစွာကသော်လည်းကောင်း၊ ဥပါဒါန်နဲ့ ကပ်နေတာဆိုလို့ရှိရင် လွဲပါ့မလား ...(မလွဲပါဘူးဘုရား)၊ ကဲ... ဒီတိရစ္ဆာန်တွေ ဖြစ်တာဟာ ဘယ်ကလာတုံးဆိုတာ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။ ဘယ်ကလာတာတုံး ...(ဒိဋ္ဌုပါဒါန်က လာတာပါဘုရား)။

ဒိဋ္ဌုပါဒါန်က လာတာဆိုတော့ ဒကာအုန်းတို့၊ ဒကာ ကြွယ်တို့ ဪ...ဒိဋ္ဌုပါဒါန် တယ်ကြီးကျယ်ပါလား၊ မကြီး ကျယ်ဘူးလား ...(ကြီးကျယ်ပါတယ်ဘုရား)၊ ခွေးပိန်ကလေး တွေများ ဒီအိမ်မှာ ကပ်နေလိုက်တာ မကျွေးဘဲနေလည်း မခွာဘူး

...(မှန်လှပါဘုရား)၊ ဘာဖြစ်လို့ မခွာပါလိမ့်ဆိုတော့ ငါ့အိမ်၊ ငါ့ရာလို့ ထင်နေတယ်...(မှန်လှပါဘုရား)။

## နောက် ဒိဋ္ဌုပါဒါန်ကို ကျေးဇူးပြုတာ

ဘာပါလိမ့်မတုံး၊ ဒိဋ္ဌိဥပါဒါန်က နောက်ဘဝက ဥပါဒါန်က ဒီဘဝမှာလည်း သူ့စွဲလျက်ပဲ၊ ဥပနိဿယ ပစ္စယော ကိုဗျ၊ အရင် လူဖြစ်တုန်းက ဒိဋ္ဌုပါဒါန်က အခုတိရစ္ဆာန်ဖြစ်တော့ လည်း ဒိဋ္ဌုပါဒါန် ကျေးဇူးပြုလျက်ပဲ၊ အရင်လူတုန်းက ဒိဋ္ဌု ပါဒါန်ကနေပြီး၊ ယခု တိရစ္ဆာန်ဖြစ်တဲ့အခါလည်း ဒီအိမ်က နှင်ချ လို့ မောင်းချလို့ မသွားဘူး ...(မှန်လှပါ)။

မသွားတာ ဘာ့ကြောင့်ပါလိမ့်မတုံးဆိုတော့ အရင် ဒိဋ္ဌု ပါဒါန်က နောက်ဒိဋ္ဌုပါဒါန်ကို ကျေးဇူးပြုနေတာ...(မှန်လှပါ ဘုရား)၊ သဘောကျပလား ...(ကျပါပြီဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌုပါဒါန်လောက် ကြောက်စရာကောင်းတာများ ဒကာကြွယ် ရှိသေးရဲ့လား ...(မရှိပါဘူးဘုရား)။ မရောက်နိုင်တဲ့ အပါယ်လို့ကော ...(မရှိပါဘုရား)။

ဒါဖြင့် ဒုက္ခတွေ ဘယ်လောက်တုံးဆိုရင် ဘယ့်နှယ် ဆိုကြမတုံး ...(မရေတွက်နိုင်ပါဘူးဘုရား)။ ဒါဖြင့် ခုနက ပြော ခဲ့တဲ့ (၅၀)ယူဇနာပတ်လည်ရှိတဲ့ ရေမှုန်နှင့်အမျှ ဒုက္ခတွေဟာ

ဒိဋ္ဌိသာ ဖြုတ်ကြည့်စမ်းပါ။ ဒီတိရစ္ဆာန်တွေရော၊ ဒီအပါယ်တွေ ရော ပျောက်၊ မပျောက်...(ပျောက်ပါတယ်ဘုရား)။

## အပါယ်ရောက်ဖို့ အားအပေးဆုံး

ဒါဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌိဟာ အထက်ဆုံးပဲ...(မှန် လှပါဘုရား)။ အပါယ်ရောက်တဲ့နေရာမှာ အားအပေးဆုံးပဲ... (မှန်ပါ)။ ဆိုထိုက်ပလား ...(ဆိုထိုက်ပါပြီဘုရား)။

**"သဟာဝဿ ဒဿန သမ္ပဒါယ တယာဿု ဓမ္မာ ဇဟိတာ ဘဝန္တိ"**

ဩော်...ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်လိုက်မှပဲ အဲဒီဒိဋ္ဌိကွာတော့ တယ်ကွာ...(မှန်ပါဘုရား)။ ဒိဋ္ဌိ ကွာတော့မှပဲ စတူဟာ ပါယေ ဟိစ ဝိပ္ပမုတ္တောဆိုပြီး အပါယ်လေးပါးမှ ငရဲ၊ တိရစ္ဆာန်၊ အိမ်မြောင် အစရှိသည်တို့ပေါ့ဗျာ၊ အပါယ်လေးပါးမှ လွတ်တော့တယ် ဆိုတာကြည့်စမ်း ဒကာ ဒကာမတို့၊ ဒိဋ္ဌိကြောင့်လွတ်တာ သူဟောထားတာ ...(မှန်ပါ)။

**"သဟာဝဿ ဒဿန သမ္ပဒါယ တယာဿုဓမ္မာ ဇဟိတွာ ဘဝန္တိ"** ဆိုတဲ့ဥစ္စာ သုတ္တနိပါတ် ပရိတ်ကြီးပါဠိတော် များ ဒကာကြွယ် မလာဘူးလားဗျာ။ အဲဒါ...ဒါပြင် တရားဖြစ်

လား ...(ဒိဋ္ဌိပြုတ်သွားလို့ပါဘုရား)။ ဒကာ ဒကာမတို့ အရေး အကြီးဆုံးအချက်ဖြင့် ပေါ်ပါပြီ...(မှန်ပါ့ဘုရား)။ ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးတယ်။

## ဓာမဏီငှက်မျိုးလို့ ပြောချင်နေတယ်

ဒကာ ဒကာမတို့ ယနေ့ အင်မတန် မင်္ဂလာရှိတဲ့နေ့လို့ အောက်မေ့ကြပါ...(မှန်လှပါဘုရား)။ ကျုပ်တို့သန္တာန်မှာ ခင်ဗျား တို့ ဒိဋ္ဌိသန်ပုံများတော့ မပြောနဲ့တော့ ဒီမြန်မာလူမျိုးဖြစ်တာ တောင်မှ အင်း ...ဓာမဏီငှက်မျိုးလို့ ပြောချင်ပြောနေမှာ... (မှန်ပါ)။ အမွေးတစ်ပင် အထိမခံဘူးဟေ့...(မှန်လှပါဘုရား)။ အောင်မယ် ဒါတွေက ဒိဋ္ဌုပါဒါန်တွေ...(မှန်ပါ)။ တစ်ပင်တည်း မှာ ဒိဋ္ဌိရှိနေတာ...(မှန်ပါ)။

တစ်ပင်တည်းမှာ ဘာတုံး ...(ဒိဋ္ဌိရှိနေတာပါဘုရား)။ နှစ်ပင်ကျတော့ အောင်မလေး တစ်ကိုယ်လုံးကို ပြန့်လို့ပါလား ...(မှန်လှပါဘုရား)။

ဒိဋ္ဌိတွေ ပြန့်နေလိုက်တာ ဒကာ ဒကာမတို့ နည်းသ လား ...(မနည်းပါဘူး ဘုရား)၊ မနည်းဘူးတဲ့၊ အင်း ...နောက်က နေ ကြည့်လည်း အကြည့်မခံနိုင်ဘူး ...(မှန်ပါ့)၊ နောက်ကျော ကပဲလည်း ငါပဲ၊ ရှေ့ကနေကြည့်ပြန်လည်း ...(ငါပါဘုရား)၊

အမြင်မတော်တဲ့ ပုဂ္ဂိုလ်က ကိုယ့်ကို မျက်စောင်းထိုးကြမယ်၊ ကြည့်ကြမယ်ဆိုလို့ရှိရင် ဘယ်နေရာကြည့်တာ ခံနိုင်တုံး ... (မခံနိုင်ပါဘုရား)။

ဒကာကြွယ် ဘယ်နေရာကြည့်တာ ခံနိုင်တုံး ...(မခံနိုင်ပါဘုရား)။ ဒကာကြွယ် ဘယ်နေရာကြည့်တာ ခံနိုင်သတုံး၊ ရှေ့ကကြည့်လည်း ...(မခံနိုင်ပါဘုရား)၊ ဘေးကကြည့်လည်း ...(မခံနိုင်ပါဘုရား)၊ နောက်ကကြည့်ကော ...(မခံနိုင်ပါဘုရား)၊ အထက်က ကြည့်ကော...(မခံနိုင်ပါဘုရား)၊ အောက်ကနေကြည့်ကော...(မခံနိုင်ပါဘုရား)၊ မခံနိုင်တာ ဘာဖြစ်လို့တုံး၊ တစ်ခုလုံး ဥပါဒါန်စွဲ...(မှန်လှပါဘုရား)။

## တစ်ကိုယ်လုံးမှာ ဒိဋ္ဌိက စွဲနေတယ်

တစ်ကိုယ်လုံးမှာ အပ်ချစရာ မရှိဘူး၊ ဒိဋ္ဌိကစွဲထားလိုက်တာ...(မှန်လှပါဘုရား)၊ နည်းသလားဗျာ...(မနည်းပါဘုရား)၊ ဒါဖြင့် ဒိဋ္ဌုပါဒါန်သည် ဒကာ ဒကာမတို့ တစ်ကိုယ်လုံးမှာ ဆံပင်ပေါင်း သုံးကုဋေခြောက်သန်းရှိတာမှာလည်း ဒိဋ္ဌိက သုံးကုဋေခြောက်သန်းရှိတယ်...(မှန်လှပါဘုရား)။ မရှိဘူးလား ...(ရှိပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ကိုးရာသော အကြောတို့မှာလည်း အကုန်ရှိနေတာပဲ၊ သုံးရာသော အရိုးမှာကော...(ရှိပါတယ်ဘုရား)၊ ဘယ်အရိုး ကြည့်လိုက် ကြည့်လိုက် ဒါ ငါ့အရိုးလေးပဲ အစရှိသည်နဲ့ ဒိဋ္ဌိဘယ်လောက်ကျယ်ပြန့်တယ်ဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာတွေဟာလည်း ဘယ်ဟာထိထိ၊ ဘယ်ဟာကြည့်တာ ခံနိုင်တုံး ...(ဘယ်ဟာမှ မခံနိုင်ပါဘူးဘုရား)။ ဒါဖြင့် ဒိဋ္ဌိဘယ်လောက်များသတုံးလို့ မေးရင် ဘယ့်နှယ်ပြောမတုံး ...(မရေတွက်နိုင်ပါဘူး ဘုရား)။ မရေမတွက်နိုင်အောင်များတော့ ဒိဋ္ဌုပါဒါန်ဖြစ်ပြီး၊ ဒိဋ္ဌုပါဒါန ပစ္စယာ ကမ္မဘဝေါ...(မှန်ပါ)။ ကမ္မဘဝ ပစ္စယာ...(ဇာတိပါဘုရား)။ ဇာတိဆိုတော့ ဒိဋ္ဌိက တစ်ကိုယ်လုံးမှာ သုံးကုဋေခြောက်သန်းသော ဆံပင်တို့မှာလည်း ရှိ၊ ကိုးသောင်းကိုးထောင်သော အမွေးတို့မှာလည်း အမွေး တစ်ပင်ထိ မခံနိုင်ဘူးဆိုတော့၊ ကိုးသောင်းကိုးထောင်တောင် အမွေးလေးတွေက ရှိတယ်၊ အဲဒါ တစ်ပင်အကျတ်မခံနိုင်ဘူးဆိုတော့ ဒိဋ္ဌိပေါင်း ဘယ်လောက်ဆိုကြမတုံး ...(မရေတွက်နိုင်ပါဘူးဘုရား)။ ကိုးသောင်းကိုးထောင်ပဲ ဆိုကြပါစို့...(မှန်လှပါဘုရား)။

## အနတ္တတွေကို အတ္တဖြစ်နေတယ်

ဒကာ ဒကာမတို့ ကိုးသောင်းကိုးထောင်ဟာ အကုန် အနတ္တတွေကို အကုန်အတ္တဖြစ်နေတာဗျ...(မှန်ပါ)၊ သုံးဆယ့်နှစ်ချောင်းသော သွားတို့မှာလည်း ဒကာ ဒကာမတို့ ဘယ်အချောင်းမှ အပြုတ်မခံနိုင်ဘူး၊ ဘယ်အချောင်းမှ နာတာ ကျဉ်တာကိုလည်း ...(မခံနိုင်ပါဘူးဘုရား)၊ ဘယ်အချောင်းမှ သူတစ်ပါးကိုလည်း အလကားသက်သက် မပေးနိုင်ဘူး ...(မှန်ပါ)၊ မဆိုးဘူးလား ...(ဆိုးပါတယ်)၊ အင်း ...ဒိဋ္ဌုပါဒါန် ဘယ်လောက်များသလဲ ...(များပါတယ်)။ သဘောကျပလား ..(ကျပါပြီဘုရား)။

ကဲ...ဒကာ ဒကာမတို့ ဒိဋ္ဌိ၊ ဒိဋ္ဌိဆိုတော့ အပေါ်ယံပြောတော့ ဒကာအုန်း နည်းနည်းလေး ...(မှန်ပါ)၊ အခုတော့ ရှေ့ကကြည့် မခံနိုင်၊ နောက်ကကြည့် မခံနိုင်၊ ဘေးကကြည့် မခံနိုင်၊ အောက်ကကြည့် မခံနိုင်၊ အထက်ကကြည့် မခံနိုင်၊ မခံနိုင်တာဟူသ၍သည်ကားလို့ဆိုရင် ငါဟာချည်းမို့ မခံနိုင်တာပဲ...(မှန်လှပါဘုရား)၊ သဘောကျပလား ...(ကျပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ငါ့ဟာဆိုတဲ့ဥစ္စာတောင်မှ ငါ့ကြည့်လည်း မခံနိုင်ဘူး၊ ငါ့ထိလည်း ...(မခံနိုင်ပါဘူးဘုရား)။ ဟာ...သွားပြီကောဗျ၊ ငါ့ဟာကလည်း နည်းသလား

...(မနည်းပါဘုရား)။ ငါ့ဟာက မြေကြီးမှာ မြေကြီးတစ်မှုန်ဆိုလို့ ရှိရင်ဖြင့် မရေမတွက်နိုင်အောင်ပဲ အမှုန်တွေများတယ်၊ ဟုတ်လား ...(တင်ပါ့ဘုရား)။

အဲဒီ...မြေမှုန်ကလေးတစ်ခုကိုလည်း တစ်မှုန် အထိမခံနိုင်တာလည်း ငါ့ဟာရှိနေတာပဲ...(မှန်လှပါ)၊ ဒါဖြင့် ဒိဋ္ဌိဘယ်လောက်ကျယ်တယ်ဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အပါယ်ရောက်ကြောင်းဟာ သူ့ကြောင့်ပဲဆိုတာ သိလို့ ဘုရားက သူ့အရင်ဖြုတ်ကွ...(မှန်ပါ့)။ ဒါကြောင့် **"သတ္တိယာ ဝိယဩမဋ္ဌော ဒယှမာနောဝ မတ္ထကေ သက္ကာယဒိဋ္ဌိ ပဟာနာယ သတောဘိက္ခု ပရိဗ္ဗဇေ"** ဘုရားအဆူဆူက ဒါ ဟောရရှာတယ်။

ရင်ဝ လှံစူးတာ ဖြေးဖြေးမှ နုတ်ချင်နုတ်ကွာတဲ့၊ သူ့အရင်နုတ်ပစ်တဲ့။ သက္ကာယဒိဋ္ဌိ အရင်နုတ်၊ ဦးခေါင်းမီးလောင်တာ ဖြေးဖြေးမှ ငြိမ်းချင်ငြိမ်းကွာ၊ ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိကို ...(အရင်ဖြုတ်ရမှာပါဘုရား)။

## များလွန်းလို့ အကျိုးပေးမှာ ဆိုးဝါးလို့

ဘာဖြစ်လို့ သူ့ဒီလောက်တောင် အရင်အရေးကြီးရ ပါလိမ့်မတုံးဆိုလို့ရှိရင်ဖြင့် များလွန်းလို့၊ အကျိုးပေးမှာဆိုးဝါး လွန်းလို့၊ ဆိုထိုက်၊ မဆိုထိုက်...(ဆိုထိုက်ပါတယ်ဘုရား)၊ သဘောကျပလား ...(ကျပါပြီဘုရား)၊ တိရစ္ဆာန်တွေ ငရဲရောက် နေတာတွေ...(ဒိဋ္ဌိပါဒါန်ကြောင့်ပါဘုရား)။

ပြိတ္တာတွေ အိမ်နားရစ်သီပြီး နေတာတွေ...(ဒိဋ္ဌိပါဒါန် ကြောင့်ပါဘုရား)။ ဒိဋ္ဌိပါဒါန်ကြောင့်ပဲဆိုတာ သဘောကျပလား ...(ကျပါပြီဘုရား)။

ကိုင်း ...ဘဝများစွာ တစ်ခါတည်း ဒီအိမ်မှာချည်းလာပြီး သကာလ ဒီလင်၊ ဒီသားကို လုပ်ကျွေးနေတာတွေကော...(ဒိဋ္ဌိ ပါဒါန်ပါဘုရား)၊ ဒီသားသမီးကို လုပ်ကျွေးနေနိုင်တာတွေကော ...(ဒိဋ္ဌိပါဒါန်ပါဘုရား)။ ငါမှ မကျွေး ဘယ်သူ့ကျွေးမတုံး၊ ဘယ်သူက ပြောနေတာတွေတုံး ...(ဒိဋ္ဌိပါဒါန်ကပါဘုရား)။

ငါ့ဟာတွေ ငါမှမကျွေး ဘယ်သူ့ကျွေးမတုံး၊ ဟော... ငါရယ်၊ ငါ့ဟာရယ် လုံးပြီးသကာလ၊ တစ်ခါတည်း ဒကာ၊ ဒကာမတွေမှာ ဖြစ်နေလိုက်တာ၊ တစ်ခါတည်း မဂ်လမ်း၊ ဖိုလ် လမ်းကို ရှာခွင့်မပေးအောင် ပိတ်ထားတာလည်း ဘယ်သူတုံး ...(ဒိဋ္ဌိပါဒါန်ပါဘုရား)။

## ခွေးဖြစ်ရင် တော်သေးတယ်အောက်မေ့

ငါလည်းရှိနေပြန်တယ်၊ ငါ့ဟာတွေလည်း ငါမွေးထားပြန်တယ်၊ ငါ့ဟာ ငါမွေးထားတာမှ ငါမကျေးလို့ရှိရင်ဖြင့် ငါခွေးဖြစ်ချည်ရဲ့၊ မဆိုဘူးလား ...(ဆိုပါတယ်ဘုရား)။ ခွေးဖြစ်မှာက ဒကာ ဒကာမတို့ အနီးလေးနော်...(မှန်လှပါဘုရား)။ အပါယ်က ဒီထက်ဝေးတယ်၊ ခွေးဖြစ်ရင် ကံကောင်းတယ်အောက်မေ့...(မှန်လှပါဘုရား)၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

အဲတော့ ဒကာကြွယ်တို့ကလည်း မင်းဟာကွာ၊ လူစိတ်ကလေးများ ပေါက်စမ်းပါ၊ ကိုယ့်သား၊ ကိုယ့်သမီး အမှတ်တရထားစမ်းပါ၊ အောင်မယ်...ဒကာကြွယ်ကလည်း သက္ကာယဒိဋ္ဌိတော့ အပေါကောင်းဗျ...(မှန်လှပါဘုရား)။ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

## အပါယ်သွားရမှာ

ကိုယ့်သား၊ ကိုယ့်သမီးရယ်လို့များ အမှတ်ကလေးများ ထားစမ်းပါဦးကွ။ ဒီလိုအမှတ်မထားလို့ရှိရင် လူ့တိရစ္ဆာန်ဖြစ်နေ ရောမယ်၊ အင်း ...သူတိရစ္ဆာန်ဖြစ်တယ်ဆိုတာ တော်–တော်သေး တယ်...(မှန်ပါ့)။ အပါယ်သွားရမှာ၊ ရိပ်မိပလား...(ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိဟာ ဒိပြင်တရားထက် အရေးကြီးတယ်ဆိုပြီး ဘုရားက ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင်တာထက် ပိုမိုပြီးသကာလ သူ့နုတ်ပယ်ရမယ်ဆိုတာ ဟောသင့်၊ မဟောသင့်...(ဟောသင့်ပါတယ်ဘုရား)။ ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒကာကြွယ်ကလည်း (၆၀) ကျော်ပြီ။ ဒီသမီးနဲ့၊ ဒီသားနဲ့ ဒီမြေးနဲ့ကို နှုတ်၏ စောင်မခြင်း၊ ကိုယ်၏စောင်မခြင်း၊ ငယ်တုံးကလည်း ဆောင်မခဲ့ပါပြီ၊ ထမ်းပိုးလည်း ကျွေးခဲ့ပါပြီ၊ စိတ်ပူ၊ ကိုယ်ပူကြွေနဲ့ လုပ်ခဲ့ပါပြီ၊ တော်ပါတော့၊ ရပ်ပါတော့ဆိုတော့ ဒိဋ္ဌုပါဒါန်က ရှိနေတယ်...(မှန်လှပါဘုရား)၊ မရပ်နိုင်ဘူးဘုရား။

ကိုယ့်ဟာကို မျက်လုံးလည်းမကောင်းဘူး၊ အားလည်းမကောင်းဘူး၊ မကောင်းပေမယ့်လည်း ဆောင်မပြီးသကာလ လူကြီးဆိုတာထိုင်ပြီးသကာလ၊ ဒိဋ္ဌုပါဒါန်နဲ့နေလည်း တော်သေးတယ်၊ ဒီလိုဖြစ်နေကြတာ...(မှန်လှပါ)။ အိမ်က နှင်ထုတ်လို့မရတာ ရိပ်မိကြပလား ...(ရိပ်မိပါပြီဘုရား)။ ဘာစွဲနေလို့တုံး ...(ဒိဋ္ဌုပါဒါန် စွဲနေလို့ပါဘုရား)။

## ငါမရှိ ခက်လိမ့်မယ်လို့ လုပ်မနေနဲ့

သြော်...ငါ့အိမ်၊ ငါမရှိ ကျိုးနဲ့ဖုတ်ဖုတ် ဖြစ်ချည်ရဲ့၊ ဘယ့်နှယ်တုံးဗျ၊ ဒိဋ္ဌပါဒါန်လေ၊ ရိပ်မိကြပလား ...(ရိပ်မိပါပြီ ဘုရား)။ သြော်...ငါများမရှိ ခက်ချေရဲ့ကိုး။ သြော်...ငါရှိနေသေးလို့ တော်–တော်သေးရဲ့၊ ငါမရှိရင် ဘာတုံး ...(ခက်ချေရဲ့ပါ ဘုရား)။

သြော်...ငါမရှိပါဘူး၊ စိတ်သာချပါ၊ တော်ကြာ ငါတည်းဟူသော ဒိဋ္ဌိစွဲတာနဲ့ ငါမရှိပါဘူး၊ စိတ်သာချနေဒကာ ဒကာမတို့၊ ငါမရှိခက်ပါလိမ့်မယ်လို့ လုပ်မနေနဲ့၊ ခက်မည့်သူက နောက်မှ ကိုယ်က အရင်ခက်မှာ...(မှန်ပါဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

ဒကာ ဒကာမတို့ ဒီအိမ်ကလူတွေဟာ ဒီအသက် ဒီအရွယ်ကျအောင် ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ်၊ ဒီအိမ်၊ ဒီရာ၊ ဒီမြေနားက မခွာနိုင်တာတွေ ဒကာကြွယ် စဉ်းစားစမ်း ...(ဒိဋ္ဌုပါဒါန်ပါ ဘုရား)၊ သဘောကျပလား ...(ကျပါပြီဘုရား)၊ ဘယ်သူ့ကြောင့်တုံး ...(ဒိဋ္ဌုပါဒါန်ကြောင့်ပါဘုရား)။

## မိဘများ ခေါင်းချသွားတာတဲ့

တချို့များ ဒကာ ဒကာမတို့အိမ်မှာ အမိုးလည်းမရှိဘူး၊ အကာလည်းမရှိဘူး၊ ချတွေ ဘာတွေက စားလို့၊ မိုးရွာ၊ ဟိုနေရာ ထီးဆောင်းခို၊ ဒီနေရာ ထီးဆောင်းခို၊ ရွှေ့ပါတော့လားလို့၊ အို... မိဘများ ခေါင်းချသွားတာတဲ့၊ ဒိဋ္ဌုပါဒါန်က မလာဘူးလား ... (လာပါတယ်ဘုရား)။

ဘယ်လောက်များ ဆိုးတယ်ဆိုတာ၊ ကောင်းလို့ခင်တာလား၊ မကောင်းဘဲနဲ့ကော...(ခင်ပါတယ်ဘုရား)။ မကောင်းလည်း ဒီနေရာ စွဲလမ်းတာပဲနော်...(မှန်လှပါဘုရား)။ ကောင်းလည်း ...(စွဲလမ်းပါတယ်ဘုရား)။ ဘယ်သူပါလိမ့် ...(ဒိဋ္ဌုပါဒါန်ပါဘုရား)။ ဒိဋ္ဌုပါဒါန်ဆိုတာ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## ဒီတိုက်ကျမှ အကျိုးပေးတယ်တဲ့

ကိုင်း ...ဒါဖြင့် ဒီတိုက်ကလေးကျမှ အကျိုးပေးတယ်၊ ဒီနေရာလေးရွှေ့မိမှပဲနေရာကျတယ်၊ ဒီနေရာတော့ ဘယ်လောက်ပေးပေး မရောင်းဘူး၊ ဘာတုံးဗျ...(ဒိဋ္ဌုပါဒါန်ပါဘုရား)။ အမယ်လေး...ကြောက်စရာကြီးပါလား ...(မှန်လှပါ ဘုရား)။

သေလည်း ဒီနေရာပေါ့ဗျာ...(မှန်လှပါဘုရား)။ အင်း ... နောက်တစ်ခါ ပြန်ဖြစ်တော့ကော...(ဒီနေရာပါဘုရား)။ နောက်

တစ်ခါ ဒီနေရာပြန်ဖြစ်တော့ အရင်လူတော့ မဖြစ်တော့ဘူး ... (မှန်လှပါဘုရား)၊ အိမ်မြှောင်တို့၊ ကြွက်တို့ပဲ ဖြစ်တော့မယ်၊ သဘောကျပလား ...(ကျပါပြီဘုရား)၊ ဘယ်သူက ဖြစ်စေတာတုံး ...(ဒိဋ္ဌုပါဒါန်က ဖြစ်စေတာပါဘုရား)။

ကိုင်း ...ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘာလုပ်ကြမတုံး ... (ဒိဋ္ဌုပါဒါန် ပြုတ်ရမှာပါဘုရား)၊ ဒိဋ္ဌုပါဒါန် ပြုတ်ရလိမ့်မယ်နော် ...(မှန်လှပါဘုရား)။

အခု ဒကာ ဒကာမတွေမှာ အိုလည်း မအား၊ နာလည်း မအား၊ သေလည်း မအား၊ သေခါနီးလည်း မအားဘူး ...(မှန်လှပါ)။ အိုတာ မအားတာက ဒကာ ဒကာမတို့ သိတဲ့အတိုင်းတဲ့ အိုပေမယ့်လည်း ကိုယ်၏ ဆောင်မခြင်း၊ နှုတ်၏ဆောင်မခြင်း မပါဘူးလား ...(ပါပါတယ် ဘုရား)၊ ဒိဋ္ဌုပါဒါန် ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ သဘောကျပလား ...(ကျပါပြီဘုရား)။

သေခါနီး ကိုယ်သေမှာ အရေးမကြီးဘူး၊ ငါရှိတုန်းကို သွားပြီးတော့ တောင်းချေ၊ ငါမရှိ နင်ခက်လိမ့်မယ်၊ အမလေး ဒိဋ္ဌုပါဒါန်ဟာ...(မှန်လှပါဘုရား)။ ဇာတိဒုက္ခသစ္စာ ရောက်နေတာကို ဒုက္ခသစ္စာပါလားလို့ နှလုံးသွင်းခိုင်းသလား၊ ငါမရှိ ခက်လိမ့်မယ်လို့ ပြောခိုင်းသလား ...(ငါမရှိ ခက်လိမ့်မယ်လို့ ပြောပါ

တယ်ဘုရား)။ အမယ်လေး ကြောက်စရာကြီးပါလား ဒကာ ဒကာမတို့ ...(မှန်လှပါဘုရား)။

## သေခါနီး မှာတမ်းရေးတယ်

ဘယ်သူက အပြောခိုင်းတာတုံး ...(ဒိဋ္ဌုပါဒါန်ကပါ ဘုရား)။ အဲဒါ သေခါနီးမှာ မှာတမ်းများ ရေးနေလိုက်သေးတယ်၊ ဘယ်သူက အရေးခိုင်းတာပါလိမ့်...(ဒိဋ္ဌုပါဒါန်ကပါဘုရား)။

ဘယ်သူ့ဆီမှာ ဘယ်လောက်ရှိတယ်၊ ဘယ်ဝါဆီမှာ ဘယ်လောက်ရှိတယ်၊ ဘယ်မှာ နင့်အမျိုးရှိတယ် အစရှိသည်နဲ့ လူကြီးပီပီ ဒိဋ္ဌုပါဒါန်တွေက လာလိုက်တဲ့ဖြစ်ခြင်း နည်းသလား ...(မနည်းပါဘူးဘုရား)။

ဆွေတွေ မျိုးတွေ ပြတ်ကုန်လိမ့်မယ်၊ ရစရာ ယူစရာတွေ ဟာ ခက်ကုန်လိမ့်မယ်ဆိုပြီး၊ သေခါနီးလည်း ဒိဋ္ဌုပါဒါန်သာ လာတာပဲ...(မှန်လှပါဘုရား)။ အင်း ...**ဇာတိ ပိ ဒုက္ခံ၊ မရဏံပိ ဒုက္ခံ** ဆိုပြီး ဒုက္ခသစ္စာကြီးများ နှလုံးသွင်းမလား အောက်မေ့ တယ် မဟုတ်သေးဘူး၊ ငါမရှိ အကုန်ခက်ကုန်လိမ့်မယ်၊ နင်တို့ မသိတာတွေ တစ်ပုံကြီး ကျန်နေသေးတယ်၊ ကဲ...ရေးကြ၊ မှတ်ကြဟ၊ ဘာခိုင်းတာတုံး ဒါ...(ဒိဋ္ဌုပါဒါန် ခိုင်းတာပါဘုရား)။ ဟုတ်မှဟုတ်ပါ့မလား ...(ဟုတ်ပါတယ်ဘုရား)၊ ကြောက်စရာ

မကောင်းဘူးလား ...(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် သေခါနီးမှာ အရင်တုန်းက လုပ်ခဲ့တာတွေ၊ ဒီဌ ပါဒါန်တွေ အားမရတာနဲ့ သေခါနီး ဖြည့်စွက်ယူသွားပြီး၊ မပြန် လမ်းသွားမယ်လို့ လုပ်လိုက်သေးတယ်...(မှန်လှပါဘုရား)။ ဒီ အဓိပ္ပါယ် မရောက်ဘူးလား၊ ရောက်သလား ...(ရောက်ပါတယ် ဘုရား)။ ဒါ နှိမ့်ချပြောတာမဟုတ်ဘူး၊ ဒိဋ္ဌုပါဒါန်ဆိုးတာကို ပြောတာ...(မှန်လှပါဘုရား)။

## အကုသိုလ်တွေ အသာထားစမ်းပါ

ဒကာကြွယ် ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။ ဘယ် လောက်ဆိုးတုံး ...(ဆိုးပါတယ်ဘုရား)။ ဒါဖြင့် ဒီပြင် အကုသိုလ် တွေ အသာထားစမ်းပါဦး:ဂျ။ ဒိဋ္ဌုပါဒါန်အရင်ဖြုတ်ကြပါစို့ ...(မှန်လှပါဘုရား)။ ဒကာကြွယ် ဘာလုပ်ရမတုံး ...(ဒိဋ္ဌု ပါဒါန် အရင်ဖြုတ်ရမှာပါဘုရား)။

ဒိဋ္ဌုပါဒါန် အရင်ဖြုတ်လိုက်တော့ ဒကာ ဒကာမတို့ အပါယ်လေးပါးလွတ်တယ်ဆိုတော့ တော်တော်နေရာကျနေပြီ မဟုတ်လားဗျာ...(ကျပါပြီဘုရား)။ ကဲ...ဒါဖြင့် အလုပ်တကာ အလုပ်ထဲမှာ အရေးအကြီးဆုံးအလုပ် ယနေ့စပြောပါတယ်ဆိုတာ ဒကာ၊ ဒကာမတွေ :ဒိကြပါပြီ...(မှန်လှပါဘုရား)။

ဘာအရင်လုပ်ရမှာတုံး ...(ဒိဋ္ဌိပါဒါန် အရင်လုပ်ရမှာပါဘုရား)။ ဘုန်းကြီး၏ သဘော၊ ဘုရား၏စိတ်ထား နှစ်ခုစလုံး ရှင်းပြပါမယ် ဒကာ ဒကာမတို့ ...(မှန်ပါ)။

## ဒိဋ္ဌိကို ရှေ့ထားဖြုတ်ပါ

ဒိဋ္ဌိအရင်ဖြုတ်ပြီးလျှတာ သာကောင်းတယ်...(မှန်လှပါဘုရား)။ ဒိဋ္ဌိကို ရှေ့ထားဖြုတ်၊ ပြီးတော့မှ အလှူအတန်းတွေ လုပ်၊ အင်မတန်ကောင်းတယ်...(မှန်ပါဘုရား)။

နို့မဟုတ် ဒိဋ္ဌိပါတဲ့ အလှူဆိုလို့ရှိရင်ဖြင့် တစ်ခါတည်း ဒကာ ဒကာမတို့ မဂ်ဖိုလ်တားချလိုက်တာ၊ သုဂတိတော့ မတားဘူး။ တစ်နေ့က တစ်ခါပြောတယ်မဟုတ်လား ...(ပြောပါတယ်ဘုရား)။ ဒိဋ္ဌိပါတဲ့သူဟာ မဂ်ဖိုလ်ကျတော့ ရရဲ့လား ... (မရောက်ပါဘုရား)။ အင်း ...သုဂတိတော့...(ရောက်ပါတယ်ဘုရား)။

ဒိဋ္ဌိသတ္တိ၊ သဘောကျပလား ...(ကျပါပြီဘုရား)။ ကဲ... ဒိဋ္ဌိပြုတ်ပြီးတဲ့အခါကျလို့ရှိရင်ဖြင့် နတ်ရွာသုဂတိလည်း မတားဘူး၊ နိဗ္ဗာန်ကော...(မတားပါဘူးဘုရား)၊ ဒါဖြင့် သူ့ရှေ့ထားလုပ်ရမှာလား၊ နောက်ထားလုပ်ရမှာလား ...(ရှေ့ထားလုပ်ရမှာပါဘုရား)။

အဲတော့ ဒကာကြွယ်တို့၊ သြော်...အရေးကြီးတယ်ဆိုတာ ပေါ်လာတယ်...(မှန်လှပါဘုရား)၊ မပေါ်လာဘူးလား ...(ပေါ်ပါတယ်ဘုရား)။

## ဒိဋ္ဌိဘယ်မှာစွဲသတုံး

ကဲ...ဒါဖြင့် ဒိဋ္ဌိဘယ်နေရာစွဲသတုံးလို့ မေးဖို့မလိုဘူးလား ...(လိုပါတယ်ဘုရား)။ အို...ဒိဋ္ဌိစွဲတာ ဒကာ ဒကာမတို့ ခန္ဓာငါးပါးမှာစွဲတယ်၊ ဘယ်မှာစွဲသတုံး ...(ခန္ဓာငါးပါးမှာ စွဲပါတယ်ဘုရား)။ အဲဒီ ခန္ဓာငါးပါးမှာစွဲတယ်...(မှန်လှပါဘုရား)။

ခန္ဓာငါးပါး ဘယ်လိုများ စွဲသတုံးလို့ဆိုရင်ဖြင့် ငါ့မကြည့်နဲ့ လာပြီဗျ၊ ငါ့မကြည့်နဲ့ဆိုတော့ သူ့အဆင်းရုပ်ကို "ငါ" လုပ်ထားတာ...(မှန်လှပါဘုရား)။ ငါ့မကြည့်နဲ့ဆိုတော့ ဟိုက ဒကာ ဒကာမတို့ အရူ၊ အသည်းကြည့်တာလား၊ အဆင်းကြည့်တာလား ...(အဆင်းကြည့်တာပါဘုရား)။

## ရုပ်ကို ငါစွဲတယ်

ဖြူတာဖြင့် ဖြူတဲ့အသားအရေအဆင်းပေါ့ဗျာ...(မှန်ပါ့)။ ညိုတာဖြင့် ညိုတဲ့အသားအရေအဆင်း မကြည့်ကြဘူးလား ...(ကြည့်ပါတယ်ဘုရား)။ အဲဒီအဆင်းရုပ်ကို ဒကာ ဒကာမတွေက ငါ့မကြည့်စမ်းနဲ့ဆိုတာ အဆင်းရုပ်ကို ငါလုပ်ပစ်လိုက်တာ...

(မှန်လှပါဘုရား)။

ရူပက္ခန္ဓာ ဘာလုပ်လိုက်ပါလိမ့်...(ငါလုပ်လိုက်ပါတယ် ဘုရား)၊ သဘောကျပလား ...(ကျပါပြီဘုရား)၊ အဲတော့ ဒါဖြင့် ရူပက္ခန္ဓာကိုလည်း ဒိဋ္ဌိက စွဲတာပဲ၊ ရူပက္ခန္ဓာဆိုတဲ့ အဆင်းရုပ်ကို ဒကာ ဒကာမတို့က အဆင်းရုပ်လို့လည်း မသိ၊ အနိစ္စလို့လည်း မသိ၊ ဒုက္ခသစ္စာလို့လည်း မသိသေးသ၍ကာလပတ်လုံးဖြင့် ဒီ "ငါ" က မခွာဘူး ...(မှန်လှပါဘုရား)၊ သဘောကျပြီနော်...(ကျပါ ပြီဘုရာ)။

ကဲ...တစ်ခါသွားပါဦး၊ ဝေဒနာ၊ ဝေဒနာဆိုတော့ ဒကာ ကြွယ်တို့ ထမင်းလေးဘာလေး စားကောင်းတဲ့အခါကျတော့၊ အင်း ...ဝမ်းသာရဲ့လားလို့ မေးရင် ဘယ့်နှယ်ပြောကြမတုံး ... (ဝမ်းသာပါတယ်ဘုရား)။

## ဝေဒနာကို ငါစွဲတယ်

ဒကာသစ်ကော စားကောင်းတဲ့အခါ...(ဝမ်းသာပါတယ် ဘုရား)။ ဘာဖြစ်လို့တုံး၊ ငါစား.ကောင်းလို့ပေါ့၊ ဝမ်းပဲသာရ သေးတယ်၊ တစ်နေ့ကလိုတော့ ငါအခက်ကြီးကွ၊ တစ်နေ့က တော့ ဘာစားစား ခါးနေတာပဲ၊ အခုတော့ဖြင့် ငါ ဘာစားစား ချိုလာပြီပော့၊ အင်း ...ဝေဒနာကို ဘာစွဲလိုက်ပြန်တုံး ...(ငါ

စွဲတာပါဘုရား)၊ ငါစားကောင်းလာပြန်တယ်၊ သဘောကျပလား ...(ကျပါပြီဘုရား)။

အေး ...ငါမပြောရင် ခက်လိမ့်မယ်၊ ငါမပြောရင် ခက်လိမ့်မယ်၊ ဒီကလေးတွေက ကိုယ့်ဟာ သူ့ဟာရယ်လို့ သိတာမဟုတ်ဘူး၊ ဟော...အခု ငါပြောလိုက်လို့ တော်–တော်သေးတယ်ဆိုတော့ မှတ်ထားတာလေး မှတ်ထားတဲ့ သညာလေး သူပြောလိုက်တော့ တည့်မသွားဘူးလား ...(တည့်သွားပါတယ်ဘုရား)။

## သညာကို ငါစွဲတယ်

အဲဒါက သညာကို 'ငါ' ထင်လိုက်တာ...(မှန်ပါ)။ ငါမပြောရင် အလွဲပေးလိုက်မှာ၊ သူကတော့ မှတ်ထားတယ်၊ မှတ်ထားတော့ ဟိုကလေးက အလွဲပေးသေးရဲ့လား ...(မပေးပါဘူးဘုရား)။ မပေးဘူး၊ လူကြီးက "ငါ" မှတ်ထားတာကိုးဗျ၊ အဲဒါကြောင့် ငါမရှိ ခက်မယ်ဆိုတာ ဒါပြောတာ...(မှန်လှပါဘုရား)။ အင်း ...သညာကို ငါစွဲနေတာ...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။

ဒီဆိုင်မှာ သူတို့သာ ပစ်ထားလိုက်မယ်ဆိုရင်ဖြင့် ဒီအဖိုးနဲ့ ဒီစာနဲ့ ကပ်ထားတာတောင်မှ တည့်အောင် မရောင်းနိုင်ဘူး။ ငါများမရှိ ဘယ်နှယ်လုပ်မတုံး။ အခုကြည့်စမ်း သူတို့ဆွဲရမ်းပြီး

ပေးလိုက်တာ အလွဲကြီး၊ ငါရှိလို့ ပြင်ပေးလိုက်လို့သာ တော်သွားသေးတယ် ဆိုတော့ ကိုယ်မှတ်ထားတာလေးကို ငါထင်နေတာ...(မှန်လှပါဘုရား)။ သညာကို ဘာထင်နေတုံး ...(ငါထင်နေပါတယ်ဘုရား)။

## စေတနာကို ငါစွဲတယ်

စေတနာကို ငါထင်တဲ့နေရာက ဒကာ ဒကာမတို့ အများကြီးရှိပါသေးတယ်တဲ့၊ စေတနာ ငါထင်တာက စေတနာဗျ။ အဲဒါ ငါသွားချင်ပြန်ပြီဆိုတော့ စေတနာကို ငါမစွဲဘူးလား ...(စွဲပါတယ်ဘုရား)၊ သဘောကျပလား ...(ကျပါပြီဘုရား)။

အဲတော့ကို ဒကာ ဒကာမတို့ ငါဝမ်းသာလိုက်တာ၊ ငါဝမ်းနည်းလိုက်တာ၊ မပြောကြဘူးလား ...(ပြောပါတယ်ဘုရား)။ ငါဝမ်းနည်းတယ်၊ နင်တို့အတွက် ငါဝမ်းနည်းတယ်၊ အမယ်လေး ...ဒေါမနဿကို ငါစွဲပြန်တယ်...(မှန်ပါ)။ နင်တို့အတွက် ကွယ်ရာကနေ ကြည့်တဲ့အခါကျတော့ ငါဝမ်းသာပါတယ်ဆိုတော့ ဝမ်းသာတာက လောဘ၊ လောဘစိတ်ကို ငါစွဲလိုက်ပြန်ပြီ၊ ဆိုတော့ ခန္ဓာငါးပါးကို ဘာချည်းစွဲနေတာတုံး ...(ငါချည်းစွဲနေပါတယ်ဘုရား)။

## ငါမပြုတ်သ၍ ငါ့ဥစ္စာမပြုတ်

ငါချည်းစွဲနေတော့ ခန္ဓာငါးပါးနဲ့ ရှာထားတဲ့ ပစ္စည်းတွေ ကျတော့ ငါ့ဥစ္စာဖြစ်လာတယ်...(မှန်လှပါဘုရား)၊ ခန္ဓာငါးပါး ငါစွဲလိုက်တော့ သူရှာထားတဲ့ ပစ္စည်းတွေကျတော့...(ငါ့ဥစ္စာ ဖြစ်ပါတယ်ဘုရား)။ အဲတော့ ငါမပြုတ်သ၍ ငါ့ဥစ္စာ ပြုတ်ပါ့မလား ...(မပြုတ်ပါဘူးဘုရာ)။ အဲဒါကို ဒကာ၊ ဒကာမတွေက ငါ မဟုတ်၊ ငါ့ဥစ္စာမဟုတ်ဆိုပြီးသကာလ ညဏ်ထဲမှာ ရှင်းထားရမယ်...(မှန်လှပါဘုရား)။ စွန့်ရမယ်လို့ မဆိုပါဘူး ...(မှန်လှပါ)။

## သုညတဖြစ်အောင် ကြည့်ထားပါ

ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်လို့ သိထားရမယ်...(မှန်လှပါဘုရာ)။ အဲဒါကို ဒကာ၊ ဒကာမတို့ သုညတဖြစ်အောင် ကြည့်ထားပါလို့ **မောဃရာဇရဟန်း** ဟောထားတဲ့နေရာ အင်မတန် ထင်ရှားပါတယ်...(မှန်လှပါဘုရား)၊ သဘောကျပလား ...(ကျပါပြီဘုရား)။

**သုညတော လောကံ အဝေက္ခဿု မောဃရာဇ**
**သဒါသတော၊ အတ္တာနု ဒိဋ္ဌိံ ဦဟစ္စ ဧဝံမစ္စု**
**တရောသိယာ ဧဝံလောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ**
**နပဿတိ**

ဆိုပြီး သုတ္တန်ပါတ် ပါဠိတော်များမှာ ဟောထားတယ်...(မှန်လှပါ)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ ငါ၊ ငါ့ဥစ္စာ ပြုတ်မှသာလျှင် ဒိဋ္ဌိက ပြုတ်မယ်...(မှန်လှပါဘုရား)။ ဒိဋ္ဌိပြုတ်မှ ဒိဋ္ဌုပါဒါန်က ဘယ်နှယ်တုံး ...(ပြုတ်မှာပါဘုရား)။ ဒါဖြင့် အဲဒီ ငါ၊ ငါ့ဥစ္စာကို ငါ၊ ငါ့ဥစ္စာမဟုတ် ဆိုတဲ့ သုညတဖြစ်အောင် လုပ်လိုက်ပါ... (မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။

## သုညတဖြစ်အောင် လုပ်ပါ

ဒါဖြင့် သုညတဖြစ်အောင်လုပ်ပါလို့ဆိုတော့ ဒကာ ဒကာမတို့ ရုပ်နာမ်ကွဲရုံနဲ့ ဒကာအနန်း မပြီးသေးဘူး ...(မှန်လှပါဘုရား)။ ဖြစ်ပျက်တာကို မြင်မှသာလျှင်တဲ့ ဉာတပရိညာနဲ့ မပြီးသေး တီရဏပရိညာဆို ဖြစ်ပျက်တာကို မြင်မှသာလျှင် ဩော်... ငါ၊ ငါ့ဥစ္စာမဟုတ်လို့ ဖြစ်ပြီးပျက်တာကို...(မှန်လှပါဘုရား)။

ငါ၊ ငါ့ဥစ္စာ မဟုတ်လို့...(ဖြစ်ပြီးပျက်တာပါဘုရား)။ အဲဒီ ဖြစ်ပျက်မြင်မှသာလျှင် သူ့ဟာက .တီရဏပရိညာနဲ့ ငါ၊ ငါ့ဥစ္စာဆိုတဲ့ အတ္တနဲ့ အတ္တနိယပြုတ်တယ်...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါနဲ့ပဲ ဒကာ ဒကာမတို့ ခန္ဓာငါးပါး ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်မြင်အောင်ကြည့်လို့ရှိရင် ငါ၊ ငါ့ဥစ္စာ ဘယ်နှယ်နေတုံး ...(ပြုတ်ပါတယ်ဘုရား)။ အဲဒါကြောင့် ဒကာ ဒကာမတို့ ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ် ဖြစ်ပျက်ရှု၊ မိဟ်ကလေးတွေပေါ်လာရင် ...(ဖြစ်ပျက်ရှုရမှာပါဘုရား)။ အင်း ...ငါ၊ ငါ့ဥစ္စာချည်း အဖြုတ်ခိုင်းတာ...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။

## ဒိက သုညတဖြစ်မှ နိဗ္ဗာန်ရောက်မှာ

အင်း ...ရုပ်ကလေးတွေ ပေါ်လာလည်း ...(ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဘာအဖြုတ်ခိုင်းတာတုံး ...(ငါ၊ ငါ့ဥစ္စာ အဖြုတ်ခိုင်းတာပါဘုရား)။ အဲဒါ ဘာဖြစ်လို့ အဖြုတ်ခိုင်းတာတုံးလို့ မေးတဲ့အခါကျတော့ ငါ၊ ငါ့ဥစ္စာ ဖြုတ်လိုက်လို့ရှိရင် သုညတခမ္မ ဖြစ်သွားပြီ...(မှန်လှပါဘုရား)။

သုညတခမ္မဆိုတာ ငါမှလည်း ဆိတ်သုဉ်းတယ်၊ ငါ့ဥစ္စာမှလည်း ...(ဆိတ်သုဉ်းပါတယ်ဘုရား)။ အဲဒါ ဘာခေါ်ကြမတုံး ...(သုညတ ခမ္မပါဘုရား)။ ဒါကြောင့် **သုညတော လောကံ အဝိက္ခသု**၊ သဘောကျပလား ...(ကျပါပြီဘုရား)။ **သုညတော**– ဒိက သုညတဖြစ်မှ ဟိုသုညတ နိဗ္ဗာန်ရောက်မှာဗျ...(မှန်လှပါဘုရား)။

## ရုပ်နာမ်က သုညတဖြစ်မှ

ရုပ်နာမ်က သုညတဖြစ်ပါမှ နိဗ္ဗာန်တည်းဟူသော သုညတ နိဗ္ဗာန်ရောက်မယ်...(မှန်လှပါဘုရား)။ ဒီက သုညတမဖြစ်ရင် ဟိုက သုညတနိဗ္ဗာန်ရောက်ချင်လို့...(မရပါဘူးဘုရား)။ ဩော်...ဒီလိုအဆက်ပါလားဆိုတာလည်း ယနေ့ရိပ်မိရမယ်...(မှန်ပါဘုရား)။

ရုပ်နာမ်က သုညတ မဖြစ်ခဲ့သော် နိဗ္ဗာန်သုညတကို...(မရပါဘူးဘုရား)၊ ရကိုမရနိုင်ဘူး ...(မှန်ပါ)၊ ရှင်းပလား ...(ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ အင်မတန်အရေးကြီးပေါ့ဆိုတာ သဘောပါပလား ...(ပါပါပြီဘုရား)။

## ကြိုက်တာတစ်ခုခု ဖြစ်ပျက်ရှု

ဒါဖြင့် ရုပ်ပေါ်လည်း ဖြစ်ပျက်ရှုရလိမ့်မယ်၊ ဝေဒနာပေါ်ရင်လည်း ...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ သညာပေါ်ကော...(ဖြစ်ပျက်ရှုရမှာပါဘုရား)။ အင်း ...စိတ်တွေပေါ်ရင်ကော...(ဖြစ်ပျက်ရှုရမှာပါဘုရား)။ အဲ...ကြိုက်တာတစ်ခုခုရှု၊ အကုန်သူနဲ့အတူတကွ ဖြစ်ပျက် ဖြစ်ကြမှာပဲ...(မှန်လှပါဘုရား)။

ဒါကြောင့် ပဉ္စက္ခန္ဓာအနိစ္စ ဆိုတော့ တစ်ခုအနိစ္စဖြစ်ရင်

(ကျပါပြီဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ တစ်ခုခုဖြင့် စိတ်ကြိုက်ရင် စိတ်ချည်းဖြစ်ပျက်ရှုကြ...(မှန်လှပါဘုရား)၊ ဝေဒနာကြိုက်ရင်...(ဝေဒနာရှုပါဘုရား)။

## ဖြစ်ပျက်မြင်ရင် ဒုက္ခသစ္စာမြင်ပြီ

ဘာမှ တပည့်တော် မရှုချင်ဘူးဘုရား၊ ပေါ်လေသ၍ ဒုက္ခသစ္စာချည်း ရှုမယ်ဆိုရင်လည်း ဖြစ်ပျက်မြင်ရင် ဒုက္ခသစ္စာ မြင်တာပဲ...(မှန်လှပါဘုရား)။ အဲဒီကဲ့သို့ ရှုလို့ရှိရင်ဖြင့် ငါ၊ ငါ့ဥစ္စာမှ မဆိတ်သုဉ်းသေးဘူးလား၊ ဆိတ်သုဉ်းလို့ရှိရင် ဒါသုညတ၊ မဖြစ်သေးဘူးလား ...(ဖြစ်ပါတယ်ဘုရား)။

အဲတော့ အဲဒီ သုညတ မြင်လို့ရှိရင် ဟို သုညတ နိဗ္ဗာန် ရောက်ဖို့ရာ အလွယ်ပဲ...(မှန်ပါ့ဘုရား)။ ရောက်နိုင်တာပဲ... (မှန်လှ)၊ သဘောကျပလား ...(ကျပါပြီဘုရား)။ ဒါဖြင့် ဒီက သုညတ မဖြစ်ရင် ဟိုက သုညတ နိဗ္ဗာန်ကို...(မရောက်ပါဘူး ဘုရား)။ လေးစားစွာနဲ့ ဒါဟာ သုညတဖြစ်အောင် ရုပ်နာမ်ကို သုညတဖြစ်အောင် လုပ်မှဖြစ်မယ်ဆိုတာဖြင့် ထမင်းမစားရတာ အရေးမကြီးဘူး။ ဒီ သုညတ ဖြစ်ဖို့ အရေးကြီးတယ်...(မှန်လှပါ ဘုရား)။ ထ၊ ံးက ငါးရက်မစားသေး၊ မသေသေးဘူး၊ သဘော ကျပလား ...(ကျပါပြီဘုရား)။

## သုညတာဖြစ်မှ ငရဲအိုးသိမ်းတာ

သုညတ မဖြစ်သေးလို့ရှိရင်ဖြင့် ငရဲအိုးမသိမ်းတာက ခက်တယ်၊ သဘောကျပလား ...(ကျပါပြီဘုရား)။ သုညတ ဖြစ်တဲ့ တစ်နေ့ကျတော့ ငရဲအိုး အကုန်သိမ်းတာပဲ...(မှန်ပါ ဘုရား)။ ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ကိုင်း ...ဒါဖြင့် ကြိုးစားကြပါ၊ ဖြစ်ပျက်မြင်အောင်... (မှန်လှပါဘုရား)။ ကဲ...ဒါဖြင့် ဝတ္ထုကို ပြန်ဆက်ကြစို့၊ ဒါသက ပြန်ပြီးသကာလ မေးတယ်၊ အရှင်ဘုရား ခန္ဓာငါးပါးကို အရှင် ဘုရားစွဲနေပါသလားလို့ ရဟန်းကြီးတွေက အရှင်ဘုရားကို အမေးခိုင်းပါတယ်ဘုရား။

## ရှင်ခေမက က အနာဂါမ်

ဒါနဲ့ ရှင်ခေမက က အနာဂါမ်ကိုးဗျ၊ အနာဂါမ်ဆိုတော့ ဒိဋ္ဌိဖြုတ်ပြီးသား မနေဘူးလား ...(နေပါတယ်ဘုရား)။ ကွာတဲ့ ခန္ဓာငါးပါးတော့ ရှိပါတယ်တဲ့၊ နိဗ္ဗာန်မရသေးတော့ ခန္ဓာငါးပါး က ရှိတာပဲ...(မှန်လှပါ)။

အခုလည်း နိဗ္ဗာန်မရသေးတော့ ခန္ဓာငါး ါးက မရှိဘူး လား ...(ရှိပါတယ်ဘုရား)။ သို့သော် ခန္ဓာငါးပါးကို တစ်ပါးပါး ကိုမှ ငါ၊ ငါ့ဥစ္စာတော့ မစွဲပါဘူးလို့ ရဟန်းတွေလျှောက်ချေ။

သူ ဒိဋ္ဌိပြုတ်ပြီးပြီ ပြောလိုက်တယ်...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။ ဒိဋ္ဌိပြုတ်ပြီးပြီလို့ပြောတော့ ဒါသက က ပြန်သွားတယ်၊ နှစ်ခေါက်ရှိပြီနော်...(မှန်လှပါဘုရား)။

အရှင်ဘုရား တပည့်တော် ရှင်ခေမက ဆီက ပြန်ခဲ့ပါတယ်ဘုရား။ ရုပ်နာမ်ခန္ဓာငါးပါးတော့ ရှိပါတယ်လို့ သူပြောပါတယ်။ သို့သော် တစ်ပါးပါးကိုမှ ငါ၊ ငါ့ဥစ္စာတော့ မစွဲဘူးလို့ မှာလိုက်ပါတယ်ဘုရားလို့ဆိုတော့ ခုနက လူမမာမေးပြန်တာက တစ်ခေါက်။ ငါ၊ ငါ့ဥစ္စာရှိသလားလို့ ပြန်ပြောတာကို တစ်ခေါက်ဆိုတော့ ဒကာသစ် နှစ်ခေါက်ရှိပြီ...(မှန်လှပါဘုရား)။

## တရားနာချင်လို့

ဒါနဲ့ ရဟန်းကြီးတွေက သုံးခေါက်စေအောင် အမေးခိုင်းတယ်။ **ဒါသက** သွားဦးလေကွာ၊ တရားနာချင်လို့နော်...(မှန်လှပါဘုရား)။ အဲဒီတင် ဒီနေရာလေးမှာ **ဒါသက** မသွားခင်၊ ဒကာဒကာမတွေက မှတ်လိုက်ပါ။ ဟိုက **ရှင်ခေမက** ကရုပ်နာမ်၊ ခန္ဓာ ငါးပါးရှိပါတယ်။ တစ်ခုသောတရားမှာ ငါ၊ ငါ့ဥစ္စာလို့ သူမစွဲပါဘူး ...(တင်ပါ့ဘုရား)။

ဩော်...ဒါဖြင့် ရုပ်နာမ်ခန္ဓာ ရှိတာတွေကို ငါ၊ ငါ့ဥစ္စာ လို့ မစွဲရဘူးလို့ ဟောတာပဲဆိုပြီး၊ ဒါမှာ ရဟန်းကြီး(၆၀)က **ဒါသက** ပြောတဲ့စကားယူပြီးသကာလ ဒကာကြွယ် အားထုတ် လိုက်တယ်...(မှန်လှပါ)။ သူတို့လည်း သောတာပန်တည်ကြ တယ်။ ဒကာ ဒကာမတွေ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

နဂိုက ပုထုဇဉ်တွေနော်...(မှန်ပါဘုရား)။ ဒီ **ရှင်ခေမက** က ရုပ်နာမ်ခန္ဓာကို ငါ၊ ငါ့ဥစ္စာ မစွဲဘူးလို့ပြောချေလို့ **ဒါသက** ကို ခိုင်းလိုက်တာနဲ့ **ဒါသက** ပြောတဲ့အတိုင်း ရုပ်နာမ်ခန္ဓာကို ငါ၊ ငါ့ ဥစ္စာ မစွဲအောင်ကျင့်ရမယ်တဲ့ဆိုပြီး ကျင့်လိုက်တာနဲ့ပဲ ဟိုမှာ လည်း ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေမုန်းပေါ့ဗျာ...(မှန်လှပါ ဘုရား)။

## ရဟန်းကြီး(၆၀) သောတာပန်တည်တယ်

ဖြစ်ပျက်တွေ ဒုက္ခသစ္စာမြင်ပြီး ဆုံးသွားတဲ့အခါကျတော့ ဟိုမှာလည်း ရဟန်းကြီး(၆၀) သောတာပန်တည်ကြတယ်... (မှန်လှပါဘုရား)။ ကြည့်စမ်း ဒကာ ဒကာမတို့ ဘယ်တရား နာရတုံးဆိုတာကော ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ငါ၊ ငါ့ဥစ္စာဖြုတ်တဲ့တရား နာရတာနဲ့ သောတာပန်တည် သွားတယ်...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီ

ဘုရား)။ ဘာလျှလို့ ဘာဖြစ် ဟုတ်သေးရဲ့လား ...(မဟုတ်ပါဘူး ဘုရား)။ ရုပ်နာမ် ခန္ဓာငါးပါးကို ဟိုက ငါ၊ ငါ့ဥစ္စာ မစွဲပါဘူးလို့ ပြောတာနဲ့ ရဟန်းကြီးတွေကလည်း ဒါသကပြောတဲ့အတိုင်း ငါ၊ ငါ့ဥစ္စာ မစွဲပါဘူးလို့ **ရှင်ခေမက** က ပြောလိုက်တဲ့အတိုင်း သူတို့ ကျင့်ကြံလိုက်တာနဲ့ ဘာဖြစ်သတုံး ...(သောတာပန် ဖြစ်ပါတယ် ဘုရား)။ သောတာပန်ဖြစ်ချင်ရင် ငါ၊ ငါ့ဥစ္စာပြုတ်ရင် ဖြစ်တာပဲ... (မှန်လှပါဘုရား)။ သေချာပလား ...(သေချာပါတယ်ဘုရား)။

## သောတာပန်ဖြစ်ချင်ရင် ငါ၊ ငါ့ဥစ္စာပြုတ်

သောတာပန်ဖြစ်ချင်ရင် ...(ငါ၊ ငါ့ဥစ္စာဖြုတ်ရမှာပါ ဘုရား)။ ဒါဖြုတ်လိုက်လို့ရှိရင်ဖြင့် သောတာပန်အလုပ်ဟာ ဒါပဲ ရှိတယ်...(မှန်လှပါဘုရား)။ အဲဒီမှာ ရဟန်းကြီး(၆၀)သည် ဒကာအုန်းရေ၊ တရားသွားနာတာမဟုတ်ဘူးနော်...(မှန်လှပါ ဘုရား)။

ဟိုက တရားတစ်ဆင့်ယူလာတဲ့ဆီကမှ တစ်ဆင့် နာယူတာနဲ့ သောတာပန်ဖြစ်တယ်...(မှန်လှပါဘုရား)။ မနာရဘဲနဲ့လည်း သောတာပန်မဖြစ်နိုင်ဘူး၊ ရိပ်မိပြီနော်။ မဖြစ်နိုင်ပါဘူး ...(မဖြစ်နိုင်ပါဘူးဘုရား)။ ရိပ်မိပြီနော်...(မှန်လှပါဘုရား)။

ဒါနဲ့ ရဟန်းကြီးတွေက သူတို့လည်း သောတာပန်တည်တာ သိကြတယ်။ ကိုယ်လည်း ဟန်ကျပြီ၊ သို့သော်လည်း အင်မတန် အယောကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ငါတို့ကြွပါ ပင့်ရာမှာလည်း သူက မမာဘူး၊ သူ့ဆီ တို့သွားပြီး တရားနာရမှာလည်း သူ့ကျောင်းက ကျဉ်းကျဉ်းကလေး တို့ကလည်း ဝါကြီးတယ် ဆိုပြီးသကာလ **ဒါသက** ပဲ တတိယအကြိမ် ပြန်လွှတ်မယ်ဆိုပြီး၊ ဒကာသစ် ပြန်လွှတ်တယ်...(မှန်ပါဘုရား)။

## အရှင်ဘုရား၊ ရဟန္တာဖြစ်ပြီလား

**ဒါသက** သွားချေဦးကွာ၊ **ရှင်ခေမက** ဆီသွားလိုက်ပါဦး၊ နှစ်ဂါဝုတ်ရှိတဲ့ခရီး၊ သွားမေးချေစမ်းပါဦးကွ။ ရုပ်နာမ်ခန္ဓတွေကို ငါ၊ ငါ့ဥစ္စာတော့ မစွဲဘူးလို့ပြောတယ်။ ငါ၊ ငါ့ဥစ္စာလို့ မစွဲဘူးလို့ ပြောလို့ရှိရင်ဖြင့် အရှင်ဘုရားဟာ ရဟန္တာဖြစ်ပလား လို့မေးခဲ့၊ အကွက်ကျကျမေးတာ ဒကာ ဒကာမတို့ ...(မှန်လှပါဘုရား)။

ဒါ...ရဟန်းကြီးတွေက အမေးခိုင်းတယ်နော်...(မှန်လှပါဘုရား)။ ဒါနဲ့ **အရှင်ဒါသက** က ဒကာအုန်း သွားရပြန်တာပေါ့ဗျာ၊ သုံးခေါက်ရှိသွားပြီ...(မှန်လှပါဘုရား)။

အရှင်ဘုရား ရဟန်းကြီးတွေက လွှတ်လိုက်ပြန်တယ်ဘုရား။ အရှင်ဘုရားက ရုပ်နာမ်ခမ္ဘကို၊ ခန္ဓာငါးပါးကို ငါ၊ ငါ့ဥစ္စာလို့ မစွဲဘူးလို့ အရှင်ဘုရားပြောလိုက်တာကို တပည့်တော်က ပြန်ပြောတော့ ရဟန်းကြီးတွေက အခုတစ်ဆင့် မှာလိုက်ပါတယ်ဘုရာ။ အရှင်ဘုရား ငါ၊ ငါ့ဥစ္စာလို့ မစွဲတော့ဘူးဆိုရင် အရှင်ဘုရား ရဟန္တာလားလို့ အမေးခိုင်းပါတယ်။

## ငါလိုလို ထင်နေသေးတယ်

ဟိုက မမာလျက်နဲ့ ဒကာအုန်း ဖြေနေရတာဗျ....(မှန်ပါဘုရား)။ **ဒါသက** မင်းလည်း ပြန်သွားရတာတွေလည်းသုံးခေါက်ရှိပြီတဲ့ သို့သော်လည်း သွားပြောလိုက်ပါဦး၊ ရုပ်နာမ်ခမ္ဘတွေတော့ဖြင့် ငါလိုလိုတော့ ထင်နေသေးတယ်တဲ့၊ ငါအစစ်လို့တော့ မထင်တော့ဘူး ...(မှန်ပါ့)။ နှစ်ချက်ဖြေလိုက်တယ်။ ဒီတစ်ခါ...(မှန်လှပါဘုရာ)။ ဒါသတိထားနားထောင်ပါ၊ ဒါလိုရင်း ...(မှန်ပါ့)။

## ဒိဋ္ဌိငါတော့ ပြုတ်ပြီ

ရုပ်နာမ်ခမ္ဘတို့ကို ငါလိုလိုတော့ ထင်နေသေးတယ်။ ငါတကယ်ဖြစ်လို့ကတော့ မယူတော့ဘူးဆိုတော့ ဒိဋ္ဌိငါတော့ပြုတ်ပြီး၊ မာန ငါကျန်နေသေ.တယ်ပြောလိုက်တယ်၊ ရိပ်မိပလား၊

ဘာတဲ့တုံး ...(ဒိဋ္ဌိငါပြုတ်ပါပြီဘုရား)။

## ဣမေသု ပဉ္စသု ဥပါဒါနက္ခန္ဓေသု

ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ **အဓိကတံ**–ငါလိုလို တော့ ထင်နေပါသေးတယ်တဲ့။ **အဟံပနာသမိ**–ငါဟူ၍က **နသမနုပဿတိ** မရှိဘူးတဲ့။ ငါလိုလိုတော့ ထင်နေသေးတယ်။ ငါလို့တော့လည်း မရှိတော့ပါဘူး ...(မှန်ပါ)။ ဒီအဓိပ္ပါယ် ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ငါလိုလိုထင်နေတဲ့ အထင်ကလေးကတော့ ကျန်သေး တယ်တဲ့...(မှန်လှပါဘုရား)။ ငါအစစ်လားဆိုတော့လည်း ဒီလို တော့မရှိတော့ဘူး ...(မှန်လှပါဘုရား)။ ရိပ်မိပလား ...(ရိပ်မိပါ ပြီဘုရား)။ ဒါဖြင့် ငါလိုလိုတော့ ထင်ယောင်ရှိပါသေးတယ်တဲ့။ ငါအစစ်တော့ဖြင့် မဟုတ်တော့ဘူးလို့ ရဟန်းကြီးတွေ သွား လျှောက်ကြတဲ့...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါ ပြီဘုရား)။

ဒါဖြင့် သူဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်လို့ သူက အနာဂါမ်ရဟန်းလို့ စောစောက ပြောထားတယ် ...(မှန်လှပါဘုရား)။ **ခေမက** က အနာဂါမ်ရဟန်းက ဖြေလိုက် တာ ငါ ရုပ်နာမ်ခန္ဓာငါးပါးကို ငါလိုလိုတော့ ထင်နေသေးတယ်

တဲ့၊ ငါအစစ်လို့တော့ဖြင့် မရှိတော့ပါဘူး၊ မမှတ်တော့ပါဘူး၊ မမှတ်တော့ပါဘူးလို့ ဖြေလိုက်တာ၊ အဲဒါသွားလျှောက်ချေကွာ ...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။

အဲတော့ သူပြောလိုက်တဲ့ စိတ်ထားသဘောထား၊ အနာဂါမ်က ပြောလိုက်တဲ့စိတ်ထားသဘောထား၊ ဒကာကြွယ် သိပလား ...(သိပါပြီဘုရား)။ ရုပ်နာမ်မွေကို သူဘယ်လိုထင်သေးတုံး ...(ငါလိုလို ထင်ပါတယ်ဘုရား)။ ငါတကယ်ဟုတ်တယ် လို့တော့ ...(မထင်ပါဘူးဘုရား)။

## မာန ငါကျန်သေးတယ်

ငါတကယ်ဟုတ်တယ်လို့တော့ မယူဘူးတဲ့။ ငါလိုလို တော့ ထင်နေသေးတယ်...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။ ဒါဖြင့် ဒီအဓိပ္ပါယ် ရှင်းစမ်းပါ ဒကာ ဒကာမ တွေ ဘာတုံး။ မာန ငါကျန်သေးတယ်၊ ဒိဋ္ဌိငါ...(မကျန်တော့ပါ ဘူးဘုရား)။ ဒိဋ္ဌိ ငါမကျန်တော့ဘူး ...(မှန်လှပါဘုရား)။ သဘော ကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့်...ဒကာ ဒကာမတို့ ဒီအဓိပ္ပါယ်လေးဟာက အနာဂါမ်က ဖြေတာဖြစ်သောကြောင့် ခင်ဗျားတို့ လေးစားစွာ မှတ်ရမယ်...(မှန်လှပါဘုရား)။ မာနငါက ဘာတဲ့တုံး ကျန်တယ်

...(မှန်ပါဘုရား)။ ဒိဋ္ဌိငါကတော့...(ပြုတ်ပါပြီဘုရား)။ ဒိဋ္ဌိငါက တော့ ပြုတ်သွားပြီ၊ သဘောကျပလား ...(ကျပါပြီဘုရား)။

## အပါယ်ကျတဲ့မာန မဟုတ်ဘူး

ဒါဖြင့် ဒကာ ဒကာမတို့ ဩော်...မာနငါနဲ့ ဒိဋ္ဌိငါသည် ဘယ်သူက ထက်ပါလိမ့်မလဲလို့မေးတော့ မာနက ပိုထက်တယ် ...(မှန်ပါဘုရား)။ ဒိဋ္ဌိက အောက်မဂ်က ဖြတ်ချလိုက်တာ... (မှန်လှပါဘုရား)။ မာနက ဖြတ်နိုင်ရဲ့လား ...(မဖြတ်နိုင်ပါ ဘုရား)။ အောက်မဂ်သုံးပါးကိုက မဖြတ်နိုင်ဘူး...(မှန်ပါ)။ မာန က သာမဆိုးဘူးလား ...(ဆိုးပါတယ်ဘုရား)။ အဲ ဆိုးပင်ဆိုးငြား သော်လည်း အဲဒီ မာနက အပါယ်ကျတဲ့ မာနမဟုတ်ဘူး ...(မှန် ပါဘုရား)။ ဒိဋ္ဌိကြောင့်သာ အပါယ်ကျတယ်...(မှန်လှပါဘုရား)။ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## အပါယ်လေးပါး တံခါးပိတ်ပြီ

အင်း ...ဒါဖြင့် ဒကာ ဒကာမတို့ စဉ်းစားပါတဲ့၊ ဒိဋ္ဌိငါ အရင်ပြုတ်လိုက်လို့ရှိရင် မာနငါဟာ ကျန်ပင်ကျန်ငြားသော် လည်း အပါယ်လေးပါး တံခါးပိတ်ပြီးသကာလနေလို့ စိုးရိမ်စရာ ဒီလောက်မရှိဘူး ...(မှန်လှပါဘုရား)။

သို့သော် သူ့မှာတော့ဖြင့် ရဟန်းကြီးတွေက ရဟန္တာလားလို့မေးလို့ သူဟာ ရဟန္တာမဟုတ်ပါဘူးလို့ ဖြေလိုက်တယ်...(မှန်လှပါဘုရား)။ **ရှင်ခေမက** ရဟန္တာလားလို့ **ဒါသက** အမေးမခိုင်းဘူးလား ...(မေးခိုင်းပါတယ်ဘုရား)။

သူတော့ ရဟန္တာမဟုတ်ပါဘူးတဲ့။ မဟုတ်ပေမယ့် ခန္ဓာငါးပါးအပေါ်မှာတော့ ငါလိုလိုတော့ ထင်နေသေးတယ်တဲ့၊ ငါအစစ်ဖြစ်တယ်လို့တော့ သူ့မရှိတော့ပါဘူး။ မယူတော့ပါဘူး။ ငါလိုလိုတော့ ဘာတုံး ...(ရှိပါတယ်ဘုရား)။ ငါအစစ်ပဲလို့တော့ရော ...(မယူပါဘူး ဘုရား)။

အဲတော့ ငါလိုလို အထင်သာရှိပါတော့တယ်၊ ဒကာဒကာမကို့ ငါအစစ်ပဲလို့ဆိုတာတော့ မရှိဘူးဆိုတော့ ဒိဋ္ဌိတော့ပြုတ်တယ်၊ မာနတော့...(မပြုတ်သေးပါဘူးဘုရား)။ မာနကျန်သေးတယ်လို့ သူပြောလိုက်တယ်...(မှန်လှပါဘုရား)။ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## ဒိဋ္ဌိအရင်ပြုတ်စေချင်တယ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မာနကျန်တာကို ဘုန်းကြီးက ဒါလောက် အပြစ်မဆိုဘူး၊ ဒိဋ္ဌိအရင်ပြုတ်စေချင်တယ်ဆိုတာ ဒီဝတ္ထု **ရှင်ခေမက** တို့ဝတ္ထုထောက်သဖြင့်

ဒကာအုန်း အရေးမကြီးဘူးလား ...(ကြီးပါတယ်ဘုရား)။

အပါယ်လေးပါးချဘာက မာနက ချတာလား၊ ဒိဋ္ဌိက ချတာလား ...(ဒိဋ္ဌိက ချတာပါဘုရား)၊ သဘောကျပလား ...(ကျပါပြီဘုရား)။ ဒကာ ဒကာမတို့ ဒိဋ္ဌိဖြုတ်ဖို့အရေးဟာ အင်မတန် အရေးမကြီးဘူးလား ...(ကြီးပါတယ်ဘုရား)။

## မမေးနဲ့တော့ ဖြစ်ပျက်သာ မြင်အောင်ကြည့်

ဒိဋ္ဌိဖြုတ်ဖို့အရေးဟာ တပည့်တော်တို့ ဘယ်လိုဖြုတ်ရမှာတုံးလို့ မမေးနဲ့တော့ ဖြစ်ပျက်သာ မြင်အောင်ကြည့်...(မှန်လှပါဘုရား)။ စိတ်ဖြစ်ပျက်မြင်ရင်လည်း ဒိဋ္ဌိပြုတ်တာပဲ...(မှန်လှပါဘုရား)။ ဝေဒနာဖြစ်ပျက်မြင်ရင်လည်း ...(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

မြင်ဆိုတာက မီးလေးလင်းလာလိုက်၊ သေသွားလိုက် ဒီအမြင်မျိုးမဟုတ်ဘူး ...(မှန်လှပါဘုရား)။ အင်း ...အခုဖြစ်တဲ့တရား အခုမရှိရင် ပြီးတာပဲ...(မှန်လှပါဘုရား)။ စိတ်ကလေးဟာလည်း အခုဖြစ်တယ်၊ အခုမရှိဘူး ...(မှန်ပါဘုရား)။

## ဉာဏ်နဲ့သာ ဖြိုင်ဖြိုင်သိပေးပါ

ဝေဒနာလေးဟာလည်း ...(အခုဖြစ်၊ အခုမရှိပါဘုရား)။ မရှိဘူးဆိုတော့ ဉာဏ်နဲ့သိနေပြီးတာပဲ...(မှန်လှပါဘုရား)။ ရိဂ်မိ

ကြပလား ...(ရိပ်မိပါပြီဘုရား)။ ဉာဏ်နဲ့သာ ဖြိုင်ဖြိုင်သိပေးပါ။ ဒကာ ဒကာမတို့၊ ဒါ ဒိဋ္ဌိပြုတ်နေတာပဲ...(မှန်လှပါဘုရား)၊ ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိပြုတ်ဖို့ရာအရေးဟာ ခဲယဉ်းသလား ...(မခဲယဉ်းပါဘုရား)။ ဒါဖြင့် အပါယ်တံခါး ဒိဋ္ဌိမပြုတ်ရင် ပွင့်တယ်...(မှန်လှပါဘုရား)။ ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ် အပါယ်တံခါးပိတ်တယ်...(မှန်ပါ)။ သဘောကျပလား ...(ကျပါပြီဘုရား)။

ဒကာ ဒကာမတို့ ဒိဋ္ဌိဟာ ရှေးဦးစွာ အရေးကြီးတယ်လို့ ခဏခဏ သတိပေးတာလည်း ဒကာသစ် ရိပ်မိပြီ...(ရိပ်မိပါပြီဘုရား)။ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

## အရှင်ဘုရားသည် ရဟန္တာလား

ကဲ...အခု အဖြေက ဘယ်လိုထွက်လာတုံးလို့ မေးတဲ့ အခါကျတော့ **ဒါသက** အမေးခိုင်းတယ် ရဟန်းကြီးတွေက သုံးခေါက်မြောက်...(မှန်ပါ့)။ အရှင်ဘုရား ငါ၊ ငါ့ဉစ္စာလို့ မစွဲလို့ ရှိရင် **ရှင်ခေမက** အရှင်ဘုရားသည် ရဟန္တာလားလို့ မေးလိုက်တယ် ...(မှန်လှပါဘုရား)။ မေးလိုက်တော့ ငါရဟန္တာမဟုတ်ဘူး၊ ဘယ်သူကဖြေတာတုံး ...(ရှင်ခေမက ဖြေတာပါဘုရား)။

ရှင်ခေမက က ငါရဟန္တာမဟုတ်ဘူးတဲ့၊ ရဟန္တာ တော့ မဟုတ်ပါဘူးတဲ့။ သို့သော်လည်း ခန္ဓာငါးပါးကိုတဲ့ ငါလို့လို့ တော့ ထင်တော့ထင်တယ်တဲ့၊ ငါအစစ်ဖြစ်တယ်လို့တော့ ငါမယူ တော့ဘူး ...(မှန်လှပါဘုရား)။ သဘောကျပလား ...(ကျပါပြီ ဘုရား)။

ငါလို့လို့တော့...(ထင်ပါတယ်ဘုရား)။ အစစ်ငါပဲလို့ တော့...(မထင်ပါဘူးဘုရား)။ အစစ်ငါပဲလို့တော့ မယူဘူးဆို တော့ ဒိဋ္ဌိငါပြုတ်တယ်၊ မာနငါ...(ကျန်ပါတယ်ဘုရား)။ အဲဒါ ဖြေလိုက်တာ အဲဒီတော့ ဒါသက က ပြန်သွားတယ်... (မှန်ပါ ဘုရား)။

အရှင်ဘုရားတဲ့၊ ရဟန်းကြီးတွေက မေးခိုင်းတဲ့အတိုင်း တပည့်တော် သွားမေးပါတယ်၊ အရှင်ဘုရား ငါ၊ ငါ့ဥစ္စာပြုတ်လို့ ရှိရင် ရဟန္တာလားလို့မေးတော့ သူရဟန္တာမဟုတ်ဘူးလို့ပဲ တာဝန် ခံပါတယ်၊ သဘောကျပလား ...(ကျပါပြီဘုရား)။

## ရဟန္တာတော့ မဟုတ်ဘူးတဲ့

အဲတော့ ရဟန္တာမဟုတ်ဘူးဆိုတာ တာဝန်ခံတာ သိလိုက်သဖြင့် ဒကာ ဒကာမတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်တယ်လို သပြောတာ...(မှန်လှပါဘုရား)၊ ရင်းပ

လား ...(ရှင်းပါပြီဘုရား)။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တော့ သူဖြစ်ပါတယ်တဲ့။ သို့သော် ရဟန္တာတော့ မဟုတ်ဘူးတဲ့...(မှန်လှပါဘုရား)။ အခု သူကျန်နေကာလည်း သူရှင်းမပြဘူးလား ...(ပြပါတယ်ဘုရား)။

ခန္ဓာငါးပါး ကြည့်လိုက်တဲ့အခါ ငါလိုလိုတော့ ထင်နေသေးတာပဲ...(မှန်လှပါဘုရား)။ ငါအစစ်လားလို့ ရှုလိုက်တဲ့အခါကျတော့လည်း ငါအစစ်လို့တော့ ဒီဟာတော့ မထင်တော့ဘူး ...(မှန်လှပါဘုရား)။

## ဒိဋ္ဌိငါပြုတ်တယ်၊ မာနငါကျန်တယ်

ငါအစစ်တော့ မဟုတ်ဘူးတဲ့၊ ဒါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒုက္ခသစ္စာပဲဆိုတာတော့ သူသိတယ်...(မှန်လှပါဘုရား)။ ငါလိုလို အထင်ကလေးကလည်း ...(ရှိပါတယ်ဘုရား)။ ကျန်နေသေးတယ်ဆိုတော့ ဒကာကြွယ် စဉ်းစားစမ်း၊ ဘာ ငါကျန်နေတာတုံး ...(မာနငါပါဘုရား)။ မာနငါ ကျန်တယ်၊ ဒိဋ္ဌိငါ ပြုတ်တယ်။

ဒါ ှင့် ငါနဲ့ မာနငါ ထူးသလား ...(ထူးပါတယ်ဘုရား)။ ရုပ်နာမ်ဓမ္မတွေကို ငါအစစ်ထင်ရင် ဒိဋ္ဌိ၊ ငါလိုလို ထင်ယောင်ထင်မှားလေးလောက် ပြောနေတာကတော့ မာနငါ...(မှန်ပါ

ဘုရား)။ ကိစ္စမရှိဘူး ...(မှန်ပါဘုရား)။ သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါနဲ့ ရှင်ဒါသက ဒကာသစ် ပြန်သွားပြန်တယ်... (မှန်ပါ)၊ ခြောက်ခေါက်ရှိသွားပြီ...(မှန်ပါ)။ ပြန်သွားပြီး ရဟန်းကြီးတွေက မေးလိုက်တယ်၊ ဟော့...မင်းပြန်ခဲ့ပလား၊ ပြန်ခဲ့ပါပြီဘုရား။ ဘယ့်နှယ်ဖြေတုံးကွ၊ သူဟာတဲ့ ငါ၊ ငါ့ဥစ္စာ မဟုတ်ဘူးဆိုခြင်းကြောင့် အရှင်ဘုရား ရဟန္တာလားလို့ မေးပါတယ်။ အရှင်ဘုရားများ မေးခိုင်းတဲ့အတိုင်း ငါရဟန္တာတော့ မဟုတ်ဘူးလို့ အတိအလင်း တာဝန်ခံတယ်ဘုရား၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ရဟန္တာတော့ မဟုတ်ဘူးတဲ့...(မှန်ပါ)။ သို့သော် ခန္ဓာငါးပါး ငါရှုကြည့်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ငါလိုလို အထင်ကလေးကတော့ ကျန်သေးတယ်။ တကယ်တန်း ငါလားလို့ဆိုပြီး ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်ပျက်ဒုက္ခသစ္စာပဲ မြင်တယ်တဲ့၊ ငါမဟုတ်မှန်း သေသေချာချာ သိတယ်...(မှန်ပါဘုရား)။

အထင်ငါသာ ရှိတော့တယ်တဲ့၊ အစွဲငါ မရှိဘူး ...(မှန်ပါ)။ သဘောကျပလား ...(ကျပါပြီဘုရား)။ အထင်ငါ

တော့...(ရှိပါတယ်ဘုရား)။ အစွဲဒိဋ္ဌိ ဥပါဒါန် ငါတော့...(မရှိပါဘူး ဘုရား)။ မရှိဘူးဆိုတာ သူကိုယ်တိုင် မဖြေဘူးလား ...(ဖြေပါ တယ်ဘုရား)။

## မာနငါက အပါယ်မရောက်

အဲဒီတင်မှ ဒကာ ဒကာမတို့ ဩော်...ငါကျန်တိုင်း အပါယ်ရောက်တယ်လို့ အောက်မေ့မနေကြနဲ့ ...(မှန်လှပါ ဘုရား)။ မာနငါ ကျန်တာကတော့ အပါယ်မရောက်တော့ဘူး ...(မှန်လှပါဘုရား)။ ဒိဋ္ဌိ အထင်ငါသာ ကျန်မှာစိုးရိမ်ရတယ်ဆို တာ သဘောကျပလား ...(ကျပါပြီဘုရား)။ အားလုံးကျေနပ် ပလား ...(ကျေနပ်ပါပြီဘုရား)။ နောက် နက်ဖြန်ကျလို့ရှိရင် မေးတဲ့ပုဂ္ဂိုလ်ရော၊ ဖြေတဲ့ပုဂ္ဂိုလ်ရော ဒကာ ဒကာမတို့ အထက် ကဟာတွေ ဖြုတ်ပြီးတော့ ရဟန္တာဖြစ်လိမ့်ဦးမယ်...(မှန် လှပါဘုရား)။

ယနေ့တော့ နာရီစေ့သွားပြီ၊ နက်ဖြန်မှဆက်နာ–

သာ ... သာဓု ...သာဓု .... ပါဘုရား။